# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၇၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံးတန်ခိုးတော်ဖြင့် တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့်လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊

**စာမျက်နှာ ၅ ကော်လံ ၁** ★

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၉) ရက်မြောက်နေ့ ကောက်ယူနေပါသည်။**











MWD ဗီဒီယာစင်တာ

**MWD ဗီဒီယာစင်တာ ရဲ့ဝန်ဆောင်မှုများ**

ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်)

# မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍမြင့်မားရေး

မြန်မာနိုင်ငံ၌ မီးရထားသယ်ယူပို့ဆောင်ရေးသည် ၁၈၇၇ ခုနှစ်ကတည်းကစတင်ခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည်။ မီးရထားသယ်ယူပို့ဆောင်ရေးတွင် ရထားလမ်းသည် အဓိကအရေးကြီးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်းကိုက်ညီသည့် ကျောက်များ၊ ဇလီဖားတုံးများဖြည့်သွင်းပေးခြင်း၊ ကြံ့ခိုင်မှုကောင်းမွန်အောင်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေရမည်ဖြစ်သည်။ အဓိကမီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြင့်တင်မောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမြန်နှုန်းကန့်သတ်ချက်များကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ပတ်လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ်အမှာစကားပြောကြားစဉ် **"ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်မည်၊ မြန်နှုန်းမြင့်စွာဖြင့်ပြေးဆွဲနိုင်မည်ဆိုပါက ရထားသယ်ယူပို့ဆောင်ရေးကို အများပြည်သူများက ပိုမိုသုံးစွဲလာမည်ဖြစ်ကြောင်း၊ ရထားများအား သတ်မှတ်အမြန်နှုန်းအတိုင်းမောင်းနှင်နိုင်ရေးအတွက် Level Crossing နေရာများလျှော့ချခြင်း၊ Underpass များတည်ဆောက်ခြင်းကိုဆောင်ရွက်ရမည်ဖြစ်ပြီး ရထားလမ်းနယ်များ၌လည်း ဥပဒေသတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းကိုချစ်မြတ်နိုးသည့် အလေ့အကျင့်များရှိနေရန်လိုအပ်သည်။ သန့်ရှင်းစင်ကြယ်စွာထားရှိသော ရထားတွဲများပေါ်တွင် စည်းကမ်းမဲ့စွာအမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းသွေးထွေးခြင်းများမှာ နိုင်ငံအတွက် လွန်စွာအကျည်းတန်သောလုပ်ရပ်များဖြစ်သည်။ စည်းကမ်းရှိမှတိုးတက်မည်ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီမြန်နှုန်းမြင့်ရထားများပြေးဆွဲရန်စီစဉ်ဆောင်ရွက်နေသကဲ့သို့ ရထားစီးခရီးသည်များအနေဖြင့်လည်း စည်းကမ်းစနစ်ကျနစွာ လိုက်ပါစီးနင်းကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများရှိပြည်သူအများစုမှာ သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း နေထိုင်သွားလာနေကြသည်ကိုလည်း အတုယူကြရမည်ဖြစ်သည်။

ရထားဘူတာများ၊ ရထားမြေများအားလုံး၌လည်း သွားလာနေထိုင်မှုများအားလုံး စည်းကမ်းစနစ်တကျအတိုင်းဖြစ်ရန်လိုအပ်သည်။ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ ဝန်ထမ်းများအနေဖြင့် မီးရထားဖြင့်သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးလျက်ရှိသည်။ ရထားလမ်းနယ်များ၌ မျက်စိပသာဒဖြစ်စေရေး၊ မြေထိန်းသိမ်းမှုဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို လုပ်ဆောင်ထားလျက်ရှိရာတွင် ခရီးသွားပြည်သူများအနေဖြင့်လည်း ပတ်ဝန်းကျင်သာယာလှပရေးကို မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြရမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင်ရှိနေသော အလှတရားများမှာ လူသားများကပင် ဖန်တီးထားခြင်းဖြစ်ရာ ထိုအလှတရားများကို ဖန်တီးသူမဖြစ်သော်မှ ဖျက်ဆီးသူမဖြစ်အောင်ဂရုပြုကြရမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးစနစ်မှာ တိုင်းပြည်တစ်ခု၏ အဓိကကျသည့်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပြီး အကျိုးရှိသည့်စနစ်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှရထားတွဲဆိုင်းအသစ်များမှာယူတင်သွင်းကာ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ လက်ရှိအနေအထားတွင် အမြန်နှုန်းတစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး စံသတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ကုန်ရထားတွဲများအား တစ်နာရီလျှင် ၆၀ ကီလိုမီတာအထိမောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဒီဇယ်လျှပ်စစ်သုံး (DEMU) စက်ခေါင်းများ၊ ရထားတွဲများကိုလည်း ပြည်တွင်း၌တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာ့မီးရထားမှ ပဲခူး-ရန်ကုန်-ပဲခူးခရီးစဉ်တွင် DEMU တွဲဆိုင်းများဖြင့် အောက်တိုဘာလ ၂ ရက်နေ့မှ စတင်ပြေးဆွဲလျက်ရှိသည်။

မီးရထားစက်ခေါင်းများနှင့် ရထားတွဲများကောင်းမွန်ရန်လိုသကဲ့သို့ ရထားလမ်းများစနစ်တကျဖြင့် ကောင်းမွန်ချောမွေ့မှုရှိစေရေးကိုလည်း အမြဲမပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လျှပ်စစ်ရထား (EMU) ပြေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးသည် မလွဲမသွေပြောင်းလဲရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် လိုအပ်သည်များကိုလည်း ဆက်လက်၍ သုတေသနပြုဆောင်ရွက်လျက်ရှိသည်။ ရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့ကိုယ်စီအသိစိတ်ဓာတ်ဖြင့် လိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်မှန်သမျှသည် ပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရအနေဖြင့် မီးရထားကဏ္ဍဆန်းသစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများအနေဖြင့် နိုင်ငံကြီးသားပီသစွာ လိုက်ပါလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# လယ်ဝေးမြို့နယ် ကျေးရွာ ၃၂ ရွာ၌ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေး တွင်းဆေး တွင်းမှုတ်လုပ်ငန်း ဆောင်ရွက်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကမြို့နယ်အတွင်း ကျေးရွာ ၃၂ ရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများဖူလုံမှုရရှိစေရန် ရည်ရွယ်၍ ကျေးရွာအတွင်းရှိ ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့်တာဝန်ရှိသူများသည် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ကျေးရွာ ၃၂ ရွာ၌ ရေတွင်း တွင်းတိမ်/တွင်းနက်စုစုပေါင်း ၃၉၂ တွင်းအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သန့်ရှင်းသော သောက်ရေသုံးရေများ ဖူလုံစွာရရှိပြီး သုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ခရိုင်ဦးစီးမှူးကကျေးရွာရှိ ရေကန်များတွင် ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ရေသန့်ဆေး ဖြန့်ဝေခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာရရှိစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာ ၃၂ ရွာ၌ သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**စိန်လွင် (ကျေးလက်)**

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ထုတ်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှု



နေပြည်တော် အောက်တိုဘာ ၈

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် နေပြည်တော်ကောင်စီ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာရှိ ပေါက်မြိုင်တိုက်သစ်ကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လျှောက်ထားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ကျောင်းတိုက်ဓမ္မာရုံ၌ ရာဂိမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး ရေဘေးသင့်ပြည်သူများထံ သန်းခေါင်စာရင်းအကျိုး အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာများဖြင့် စိစစ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက ရေဘေးသင့်ပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာ အစုအဖွဲ့မေးခွန်းပုံစံဖြင့် မေးခွန်းများ မေးမြန်းကောက်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ရေဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်ပြည်သူများအား ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ထုတ်ပေးခြင်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ လွယ်ကူအဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချောင်းသာမြို့၌ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းဖွင့်ပွဲကျင်းပ



ချောင်းသာ အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ပြန့်ပွားရေးဗဟိုအဖွဲ့၊ ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းတို့မှ ကြီးမှူး၍ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၇ ရက်က ဒေါနတောင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဒေါနတောင်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဩဝါဒခံယူပြီး ချောင်းသာမြို့ အုပ်ချုပ်ရေးမှူး ဦးသီဟအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုးက နည်းပြသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ယဉ်ကျေးလိမ္မာသင်တန်း (ချောင်းသာတာဝန်ခံ) စာရေးဆရာတေဇာဘုန်းမြင့်က သင်တန်းဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြား၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးဗဟိုအဖွဲ့၊ ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်းနှင့် ချောင်းသာမြို့ အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်သောမြို့အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းသင်တန်းသို့ ချောင်းသာမြို့နှင့် ရွှေသောင်ယံမြို့တို့ရှိ အခြေခံပညာအဆင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကာ သင်တန်းကာလမှာ အောက်တိုဘာလ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်နိုင်ရန် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

ပွင့်ဖြူ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို အောက်တိုဘာလ ၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က ဒေသခံပြည်သူများနှင့်ကျောင်းနေအရွယ်ကလေးများ စာပေအသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချမည့် သင်ခန်းစာများကို ဂရုတစိုက်လေ့လာသင်ယူ၍ မိမိရပ်ရွာရှိ စာကြည့်တိုက်လုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများကို အခြေခံစာကြည့်တိုက်ပညာနှင့်ပတ်သက်သော စာအုပ်စာရင်းများ မှတ်ပုံတင်ရေးသွင်းနည်း၊ ပညာရပ်ဆိုင်ရာခွဲခြားနည်း၊ စာအုပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းနည်းနှင့် စာဖတ်/စာငှားစနစ် ရေးသွင်းပြုစုနည်းများကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရှင်သန်ခိုင်မာသော စံညီစာကြည့်တိုက်များမှ သင်တန်းသား၊ သင်တန်းသူ (စာကြည့်တိုက်မှူး) ၁၂ ဦး တက်ရောက်ပြီး သင်တန်းကို နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်းသိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီး

ကျောက်မြောင်း အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိအချိန်ထိ ဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၂၈၅၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်”ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကပြောသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲကုန်ကျပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် ဓာတ်မြေဩဇာဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော်ကုန်ကျမှုရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်းသိရသည်။

(၄၀၉)

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

> **'' ကျွန်တော်တို့ ညီလေးကို မ,ချီပြီး တောကြီးထဲသို့ ဝင်လိုက်ကြသည်။ ကျွံလိုက်သည့် ရွှံ့၊ ကိုက်လိုက်သည့် ခြင်၊ ရှုပ်လိုက်သည့် တောချုံနွယ်။ ညီလေးအတွက် စိုးရိမ်မှုသောက ချော်ရည်ပူများသည် ကျွန်တော့်ရင်ထဲတွင် ဆူပွက်နေပေသည်။ တစ်နာရီခန့် တောတိုးလိုက်ပြီးချိန်တွင်တော့ ဒီရေတောမှာ ပါးလျားလာခဲ့သည်။ တဖြည်းဖြည်း မြေမာကိုနင်းမိလာကြသည်။ မြေမာသို့ ရောက်ပြီး မကြာမီပင် . . .''**

ကျွန်တော့်မှာ လှေဝမ်းဗိုက်မှ လွင့်စဉ်မသွားစေရေးအတွက် တက်မ, စင်ကို လက်လျှိုသွင်းပြီး တင်းတင်းကုပ်ဆွဲထားသည်။ လှေမှာ ရေအောက်မှပင် မရွေ့ချင်ရွေ့ချင် ရွေ့နေပေသည်။ အကြိမ်ပေါင်းများစွာ လှိုင်းရိုက်လာတော့ မွန်းကျပ်မှုက ပိုမိုပြင်းလာသည်။

ခန္ဓာကိုယ်တစ်ခုလုံး နုံးချည့်လာရာ တစ်ချီတစ်ချီတွင် လွင့်စဉ်ထွက်သွားမလားတောင် အောက်မေ့ရသည်။ ညီလေးကို ပခုံးပေါ်တင်ထားရ၍ ပိုဆိုးသည်။ ရှိပစေ။ ဘာဖြစ်လဲ။ သေရင်လည်း ညီလေးနှင့် အတူသေပေ့ါ။ ဖအေတူ မအေတူ တစ်အူထုံ့ဆင်းညီရင်းအစ်ကိုတွေပဲ လက်တွဲဖြုတ်လို့ဖြစ်မတဲ့လား။ ဖြုတ်ဝံ့တဲ့သတ္တိရောရှိလို့လား။ ပြောသံကြားဖူးပါသည်။ "ကမ္ဘာမီးလောင် သားကောင်ချနင်း" တဲ့။ မနင်းရက်ပါဘူး။ မခွဲရက်ပါဘူး။ ကျွန်တော့်ညီလေး ကျွန်တော်သိပ်ချစ်ရတဲ့ ညီလေး။

ပိုခက်နေသည်က လှေမှာ ရွက်တိုက်ထားတုန်းကလို မရွေ့လျားနိုင်ခြင်းပင်။ သည်အတိုင်းဆိုလျှင် ကမ်းသို့ ကပ်မိဖို့ မလွယ်။ ရေတိုင်ချိန်ရောက်လို့မှ ကမ်းသို့ မကပ်လျှင် ရေကျဖြင့် ပြန်လည်မျောပါပြီး ဘင်္ဂလားပင်လယ်ထဲသို့ ရောက်သွားနိုင်သည်။ ညီလေး၏ အထုပ်လေးကလည်း သူ့ချိုင်းကြားတွင် တွဲလောင်းဆွဲပြီးပါနေပေရာ သူ့အတွက်ရော ကျွန်တော့်အတွက်ပါ အနှောင့်အယှက်တစ်ခုလိုဖြစ်နေပေတော့သည်။

"ညီလေးရေ အဲဒီအထုပ်လေး ပစ်ချလိုက်တော့နော်၊ ရွာရောက်ရင် ညီလေးကို ကိုကြီး ဒီထက်လှတာတွေ ဝယ်ပေးမယ်သိလား"

ညီလေးမှာ ကျွန်တော့်ကို မျက်စိပျက်မျက်နှာပျက်နဲ့ တစ်ချက်ငုံ့ကြည့်သည်။ ဦးခေါင်းလေးကိုတော့ ခပ်လေးလေးပဲ တစ်ချက်ညိတ်လိုက်သည်။ ညီလေး၏ အထုပ်လေးကတော့ သူ့လက်ထဲမှ လွှတ်လိုက်တယ်ဆိုရင်ပဲ ခဏလေးသာ ရေပေါ်မှာ မြင်လိုက်ရပြီး ရေအောက်သို့ ငုပ်လျှိုးသွားခဲ့လေပြီ။

"ဟီး ဟီး ဟီး ဟီး ဟီး"

မိမိပိုင်ပစ္စည်းတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အဖြစ်ကြောင့် ယူကျုံးမရဖြစ်ရသည့် ခံစားချက်ဝေဒနာသည် ညီလေး၏နှလုံးအိမ်အား ပြင်းစွာရိုက်ခတ်ခဲ့လေပြီ။ သူ့အထုပ်လေးအတွက် နှမြောတသမှုများသည် ညီလေးအဖို့ ရင်နှင့်အမျှ ရှိနေမှာပါ။

''တိတ်စမ်းပါ ညီလေးရယ်၊ မကြာခင်ကမ်းရောက်တော့မယ်နော်၊ ရွာရောက်ရင် ညီလေးအတွက် ဦးဖိုးစောဆိုင်က အလှဆုံးပုဆိုးနဲ့အင်္ကျီ ကိုကြီးဝယ်ပေးမယ်နော်"

ညီလေးမှာ တရှုပ်ရှုပ် ငိုမြဲငိုနေသည်။

"ကဲ တိတ်ပါတော့ ညီလေးရာ၊ ညီလေးငိုရင် ကိုကြီးပါ ငိုချင်လာပြီ"

ညီလေးမှာ အငိုမျက်နှာနှင့် ကျွန်တော့်ကို တစ်ချက်ငုံ့ကြည့်သည်။ ကျွန်တော့်မှာ မျက်စိကို တင်းတင်းမှိတ်ပစ်လိုက်ရာ မျက်လုံးအိမ် ထောင့်စွန်းဖျားများမှ အပူစီးကြောင်းများ သွယ်ဆင်းလာကြသည်။ သို့သော် ကျွန်တော့်မျက်နှာပေါ်တွင် ကြာကြာမနေခဲ့ရ။ ဒီရေလှိုင်း၏ဆေးကြောခြင်းကို ခံလိုက်ရသည်။ ညီလေး၏ ရှိုက်သံကတော့ လွင့်ပျံ့နေဆဲ။

"တို့ ဒီအတိုင်းချည်းခံနေရင် တစ်ချီချီမှာ လွင့်သွားနိုင်တယ်၊ လှေကို မှောက်လိုက်ကြရင်ရော"

"ဟာ မလုပ်နဲ့ မလုပ်နဲ့၊ မဖြစ်ဘူး မဖြစ်ဘူး။ လှေကျောမှာ ရေညှိတွေနဲ့ ချောကျိနေတာဆိုတော့ တို့ ဘာကိုကိုင်ပြီး တောင့်ခံနိုင်မှာလဲ၊ ချက်ချင်းလွင့်စဉ်ထွက်သွားလိမ့်မယ်။ မလုပ်ကြနဲ့ ဒီအတိုင်းနေ"

ကျွန်တော့်စကားကြောင့် သိန်းနုအောင်မှာ မချင့်မရဲ ငြိမ်နေလိုက်ရသည်။ အကယ်၍ လှေကိုမှောက်လိုက်ရင်တော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ ဝိညာဉ်တွေဟာ ခန္ဓာကိုယ်ထဲက အစောဆုံးထွက်ပြေးသွားကြမှာ အမှန်ပါပဲ။

နေလုံးကြီးတောင် ပင်လယ်ပြင်ထဲသို့ ငုပ်ဝင်တော့မလို ဖြစ်နေပါပေ့ါလား။ ကျွန်တော်တို့ မြစ်ပြင်ကျယ်ကြီးထဲမှာ လှေနစ်ပြီးမျောပါနေခဲ့ကြသည်မှာ တစ်နေကုန်ခဲ့ပေပြီ။ နေဝင်လုနီးကာလ ဖြစ်တတ်သည့်သဘာဝအတိုင်း အရာရာသည် မှိုင်းမှိုင်းညို့ညို့၊ ဆိုင်းဆိုင်းဆို့ဆို့။ အားငယ်စိတ်၊ ဝမ်းနည်းစိတ်တို့သည် ကျွန်တော့် သွေးကြောမျှင်များအနှံ့ ပျံ့နှံ့လျက်ရှိပေပြီ။ ဟိုဟိုသည်သည် ဝှေ့ယမ်းကြည့်တော့လည်း လှေတစ်စင်းတလေမျှ လှုပ်လှုပ်ပုတ်ပုတ်မမြင်ရ။

"ကိုကြီးရေ ညီလေး သိပ်ညောင်းနေပြီဗျာ"

"ညီလေး တောင့်ခံထားနော်၊ ဟိုမှာ တွေ့လား၊ ကျွန်းကိုမြင်နေရပြီ၊ အဲဒီမှာ တောင်ရှည်ဆိုတဲ့ရွာရှိတယ်၊ ရောက်တော့မယ်နော် ညီလေး"

ကံကြမ္မာဟူသည် အလှည့်ကြုံတတ်စမြဲပဲလေ။ လင်လှုပ်ကျွန်းတောင်မော်ဖျားမှ ရေဝဲကတော့သည် ကျွန်တော်တို့အား အရှိန်ပြင်းပြင်း ဆောင့်တွန်းလျက်ရှိပေပြီ။ ကျွန်တော်တို့သည် တောင်ရှည်ကျွန်းဘက်သို့ ခပ်သွက်သွက်ရွေ့ပါနေကြလေပြီ။ စိတ်ရင်ပြင်တွင် ဝမ်းသာမှုဂယက်တစ်ခု ကသီလင်တ ထင်ဟပ်သွားသည်။ နေခြည်အပျောက်တွင်တော့ ကျွန်တော်တို့တစ်တွေမှာ တောင်ရှည်ကျွန်းသို့ ရောက်ခဲ့ကြရလေတော့သည်။ သေကံမရောက် သက်မပျောက်ဘဲ သေတွင်းထဲမှ ထွက်လာခဲ့ကြရသောအဖြစ်တွေမို့ ကျွန်တော်တို့တွေ ဝမ်းသာလိုက်ကြသည်မှာ ပြောစရာမရှိပြီ။

"ညီလေး ဆင်းတော့၊ ကျွန်းရောက်နေပြီလေကွာ"

ကျွန်တော့်ပခုံးပေါ်က ညီလေးမလှုပ်၊ ဘာမျှမလှုပ်။ ကျွန်တော့်ရင်မှ ဝေဒနာပင့်သက်တစ်ချက် လွင့်ထွက်သွားသည်။

"ဟေ့ သိန်းနုအောင်ရေ၊ မြသိန်း မြန်မြန်လာကြပါဦး၊ ငါ့ညီလေး ဘယ်လိုဖြစ်သွားတာလဲ၊ လာကြည့်ကြပါဦး"

ကျွန်တော် မလှုပ်ရဲတော့ပေ။ သိန်းနုအောင်နှင့်မြသိန်းတို့က ညီလေးကို ကျွန်တော့်ပခုံးပေါ်မှ သယ်မပြီး ချယူကြသည်။ ညီလေးကတော့ ဘာမျှမလှုပ်။ ကျွန်တော့်အတွက် ကမ္ဘာမီးတစ်ကြိမ်လောင်ပြန်ရော့လား။ အမေကွယ်လွန်တုန်းက ပူဆွေးခဲ့ရသည့်သောကဝေဒနာမျိုး၊ ညီထွေးလေးဆုံးတုန်းက ရှိုက်ငိုခဲ့ရသောပူဆွေးမှုမျိုး ခုတစ်ကြိမ်လာပြန်ရော့လား။ မိုးကလည်း ချုပ်သွားချေပြီ။ ညဦးလမိုက်ကာလမို့ ချက်ချင်းမှောင်မည်းသွားသည်။ နေရာကလည်း လူသူမနီးသည့် ဒီရေရောက်တောကြီးထဲမှာ။ သြော် ချောက်ချားလိုက်ပါဘိ။

"ဟာ ညီလေး အသက်ရှူသေးတယ်၊ ကဲ ... ဝိုင်းမကြ ရွာ မြန်မြန်ရှာပြီး သွားမှဖြစ်မယ်"

"ရွာကတော့ မြောက်စူးစူးမှာပဲ ဖြစ်လိမ့်မယ်"

သိန်းနုအောင် ထင်မြင်ချက်ပေးသံ။ ကျွန်တော်တို့မှာ အထက်ကျွန်းစဉ်နယ်ဘက်သို့ သွားလာတိုင်း တောင်ရှည်ကျွန်းကို အဝေးကသာ လှမ်းမြင်နေရသည်။ ရောက်ကား မရောက်ဖူးကြ။

ကျွန်တော်တို့ ညီလေးကို မ, ချီပြီး တောကြီးထဲသို့ ဝင်လိုက်ကြသည်။ ကျွံလိုက်သည့် ရွှံ့၊ ကိုက်လိုက်သည့် ခြင်၊ ရှုပ်လိုက်သည့် တောချုံနွယ်။ ညီလေးအတွက် စိုးရိမ်မှုသောက ချော်ရည်ပူများသည် ကျွန်တော့်ရင်ထဲတွင် ဆူပွက်နေပေသည်။ တစ်နာရီခန့် တောတိုးလိုက်ပြီးချိန်တွင်တော့ ဒီရေတောမှာ ပါးလျားလာခဲ့သည်။ တဖြည်းဖြည်း မြေမာကိုနင်းမိလာကြသည်။ မြေမာသို့ရောက်ပြီး မကြာမီပင် ကွင်းပြင်သို့ ရောက်ရှိကြပေသည်။ ရေနံဆီမီးခွက်များ၏ မီးရောင် မှိတ်တုတ်မှိတ်တုတ်ကို လှမ်းမြင်လိုက်ကြရသည်။

"ဟိုမှာ ရွာပဲ တွေ့ပြီ တွေ့ပြီ"

မြသိန်း၏နှုတ်ဖျားမှ ဝမ်းသာအားရအသံထွက်လာသည်။ ခွေးဟောင်သံများကိုလည်း ကြားလာကြရသည်။ တမံရိုးတစ်ခုကို ကျော်ဖြတ်လိုက်ကြသည်။ ရိုးပြတ်တောများဖြင့် ရှုပ်ထွေးနေသောလယ်ကွင်းပြင်တစ်ခုက ဆီးတားနေပြန်သည်။ လရောင်မရှိသော်လည်း ကြယ်ရောင်ပြိုးပြက်လင်းလက်နေ၍ တော်ပေသေးသည်။

"ကိုဘညွန့်က လူကြီးပဲ ဘောင်းဘီတိုလေးနဲ့ မသင့်တော်ဘူး၊ ကျွန်တော့်မှာ ပုဆိုးပါလာသေးတယ်၊ ရော့ ကျွန်တော့် ပုဆိုးဝတ် ကျွန်တော့်မှာ ဘောင်းဘီလည်း ရှိသေးတယ်"

မြသိန်းပြောလိုက်မှ ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်သည်။ မြသိန်းထံမှ ပုဆိုးကို ခပ်သွက်သွက် ယူဝတ်လိုက်သည်။ ညီလေးအတွက် ဖြစ်တည်ခဲ့ရသော စိုးရိမ်မှုဂယက်လှိုင်းသည် ကျွန်တော့်ရင်အား အရှိန်ပြင်းစွာ တွန်းဆောင့်နေပေ၏။

"ငါ့ညီလေး ဘာမှမဖြစ်ပါစေနဲ့၊ ငါ့ညီလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ"

သွေးကပြောတော့ သံယောဇဉ်တရား၏ ရေသောက်မြစ်မကြီးသည် ကျွန်တော့်အသိ၊ ကျွန်တော့်ဦးနှောက်နှင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောမျှင်များသို့တိုင် အထပ်ထပ် ရစ်ပတ်နေပေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

---

## ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်

နောင်တရား အောက်တိုဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ မြို့ပေါ်ရပ်ကွက်များနှင့် နေရပ်စွန့်ခွာပြည်သူများ၏ မွေးစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို အောက်တိုဘာလ ၇ ရက်က နောင်တရားမြို့ ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်း၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးရှစ်မျိုးကို ထိုးနှံတိုက်ကျွေးပေးခြင်း၊ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်သည်။

နောင်တရားမြို့ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သတ်မှတ်စုရပ်များ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

## ❖ ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ် . . .

## ❖ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း မြင်တွေ့ရမည်ဖြစ် . . .

☆ ရှေ့ဖုံးမှအဆက်

တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်သမားများ ဖော်ထုတ်ရမိမှုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ တပ်နယ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွစုပေါင်း၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ ဘုရား၊ စေတီများ၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များနှင့် မြို့နယ်များအလိုက်၊ လမ်းမကြီးများအလိုက်ရှိ စစ်ဆေးရေးနေရာများတွင် လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ်သည်များ ထောက်ပံ့ပေးနိုင်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအား ကောက်ကွက်များအလိုက် ကောက်ယူဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လုံခြုံရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများ အားလုံး လုံခြုံရေးအသိ၊ လုံခြုံရေး အမြင်ဖြင့် ဆောင်ရွက်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက် ၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများကအသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများ အနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်ကြောင်း။

**ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ်**ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ **ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏အာဏာများ ပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်း ပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်အောင်မြင်စေရေး မိမိတို့အနေဖြင့် တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင်

**စာမျက်နှာ ၆ သို့** ☆

★ **စာမျက်နှာ ၅ မှအဆက်**

ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း မြင်တွေ့ရမည်ဖြစ်ကြောင်း။

### ပြည်သူ့လုံခြုံရေးကဏ္ဍတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိသူများက အဓိကထိန်းကျောင်းရမည်

ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒီမိုကရေစီကို အဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး လက်တွေ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားထားသည်များကို ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်ကအားထားရသည့်၊ ပြည်သူကအားကိုးရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ အသိအမှတ်ပြု၍ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများနှင့် သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့သင်ကြားထားသည့် အသိပညာ၊ အတတ်ပညာများကို အသုံးချ၍ ဆောင်ရွက်သွားကြရန်လို

## ❖ ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒီမိုကရေစီကို အဓိကထိန်းကျောင်းပေးနိုင်၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါ၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့်ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လို . . .

ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကြပ်မတ်ကွပ်ကဲရန်တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကဲ့သို့သော အခြေခံစည်းမျဉ်းစည်းကမ်းများမှစ၍ အများပြည်သူက လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာအောင် ထိန်းသိမ်းကြပ်မတ်နိုင်မှသာလျှင် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဖြစ်ပေါ်လာမှုကိုတားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တော်၏စည်းကမ်းထိန်းသိမ်းရေးအပိုင်းကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

### ခရိုင်အုပ်ချုပ်ရေး

ခရိုင်အုပ်ချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာအသုံးချ၍ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်နှင့်တိုင်းဒေသကြီးအကြား လိုက်လျောညီထွေဖြစ်စေရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ခရိုင်မှ စီမံအုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍လည်း ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ် သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုဖြစ်ပေါ်လာမည့်အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များအလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုများစည်းကမ်းစနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရန်ကုန်မြို့သည် အလုပ်အကိုင်များပြားပြီး ဒေသတွင်းနေထိုင်လုပ်ကိုင်သူများ၊ နယ်မြို့များမှလာရောက်လုပ်ကိုင်သူများ များပြားသည့်အတွက် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ ယာဉ်စီးနင်းမောင်းနှင်မှုများကိုလည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် **ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ခရိုင်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လို**ကြောင်း၊ **ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျဆောင်ရွက်သွားရန်လို**ကြောင်း။

မကြာမီပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် တစ်ဦးချင်းကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရေး၊ အဖွဲ့လိုက်အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ရေးအတွက်လည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပြည်သူလူထုတို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့်ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများမှ ကျန်းမာမည်ဖြစ်ပြီး ကျန်းမာမှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခရိုင်အလိုက်ရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့ အကောင်အထည်ဖော်ဖန်တီးပေးနိုင်ရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့်နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခုစိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ အများပြည်သူမှ အသိအမှတ်ပြုရလောက်သည့် အုပ်ချုပ်မှုသမိုင်းကြောင်းကို ထားရှိနိုင်ခဲ့ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနည်းနာများကို သိရှိနားလည်နေရမည်ဖြစ်ပြီး မိမိတို့တာဝန်ယူရသည့်နေရာများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးနည်းစနစ်များကို အမြဲမပြတ်လေ့လာသိရှိနားလည်နေမှသာလျှင် တာဝန်များကို ကျေပွန်ကောင်းမွန်စွာဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟုသုတစာပေများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ စာကောင်းပေမွန်များဖတ်ရှုလေ့လာပြီး ၎င်းစာများ၏ အရသာကိုသိသွားပါက မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် နည်းလမ်းကိုလည်းရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျက်သရေမင်္ဂလာရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာအနှစ်သာရကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဖော်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၈

ရေဘေးဒဏ် ခံစားရသောဒေသများအတွက် စင်ကာပူနိုင်ငံ Mahakaruna Buddhist Society၊ Singapore Sinhala Buddhist Association နှင့် Willing Hearts Foundation တို့က အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(DMC)၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။




အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်းဆက်သွယ်ပေးမှုအရ ဆရာတော် Dr. K. Gunaratana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ အောက်တိုဘာလ ၈ ရက်က ရောက်ရှိပြီး အလှူပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ နေပြည်တော်အတွင်း ရေဘေးသင့်ဒေသများသို့ အလှူရှင်များ ကိုယ်တိုင်သွားရောက်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
| --- | --- | --- |
| နေပြည်တော် | ၂၄°C | / ၃၄.၇°C |
| ရန်ကုန် | ၂၄°C | / ၃၄.၀°C |
| မန္တလေး | ၂၇°C | / ၃၅.၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အဆီပြန်တဲ့မျက်နှာအတွက် ဖြေရှင်းနိုင်မယ့်နည်းလမ်းများ

ဒေါက်တာလွင်သန့်

အရေပြားကျန်းမာစေဖို့ ခန္ဓာကိုယ်ကနေ အဆီတွေကိုထုတ်ပေးပါတယ်။ အဆီတွေ လိုတာထက်ပိုပြီးထုတ်လုပ်မှုများလို့ မျက်နှာမှာ အဆီပြန်နေရင် ကြည့်ရဆိုးတဲ့အပြင် ဝက်ခြံတွေလည်းထွက်စေပါတယ်။ မျက်နှာအဆီပြန်တာကို ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေ များစွာရှိပါတယ်။

**မျက်နှာသန့်စင်ပစ္စည်းတွေကို ဂရုပြုသင့်ပါတယ်**

မျက်နှာကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သန့်စင်ပေးတာနဲ့တင် မျက်နှာအဆီပြန်တာကို အကောင်းဆုံးဖြေရှင်းနိုင်ပါတယ်။ ကြေးချွတ်အာနိသင်ပြင်းတဲ့ မျက်နှာသန့်စင်ပစ္စည်းတွေနဲ့ ကြမ်းအောင်ထည့်ထားတဲ့သန့်စင်ပစ္စည်းတွေကို ရှောင်သင့်ပါတယ်။

မျက်နှာသန့်စင်ရာမှာ ကိုယ့်လက်ကိုသာအသုံးပြုပြီး သန့်စင်သင့်ပါတယ်။ ရေမြှုပ်တို့၊ ဂွမ်းစတို့နဲ့ မျက်နှာသန့်စင်တာက အရေပြားမှာရှိတဲ့အဆီဂလင်းတွေကို လှုံ့ဆော်နိုင်တာကြောင့်ဖြစ်ပါတယ်။

မျက်နှာသန့်စင်ပစ္စည်းဝယ်ရာမှာ Benzoyl peroxide၊ Salicylic acid၊ Glycolic acid တို့ပါဝင်တဲ့ပစ္စည်းကို ရွေးချယ်ဝယ်ယူသင့်ပါတယ်။ အက်စစ်ပါဝင်တာတွေက အဆီထွက်တာကိုနည်းစေပြီး ဝက်ခြံထွက်တာကို ကာကွယ်ပေးနိုင်ပါတယ်။ အဲဒီအက်စစ်ပါဝင်တဲ့ မျက်နှာသန့်စင်ပစ္စည်းတွေကို ဈေးကွက်ထဲမှာ အလွယ်တကူဝယ်ယူရရှိနိုင်ပါတယ်။ တချို့မျက်နှာသန့်စင်ပစ္စည်းတွေက ကိုယ့်အသားအရည်နဲ့ ဓာတ်မတည့်တာမျိုးတွေဖြစ်နိုင်တာကြောင့် သေချာစမ်းသပ်ပြီးမှ ဝယ်ယူသင့်ပါတယ်။ မျက်နှာသန့်စင်ရာမှာ ရေကြက်သီးနွေးကို အသုံးပြုသင့်ပါတယ်။ သိပ်ပူလွန်းတဲ့ရေက အသားအရေကို ထိခိုက်စေနိုင်ပါတယ်။

**တိုနာလိမ်းသင့်ပါတယ်**

တချို့က တိုနာအသုံးပြုလိုက်တဲ့အခါ အရေပြားတင်းတင်းရင်းရင်းခံစားရတာကို သဘောကျတတ်ပါတယ်။ ဒီလိုအရေပြားတင်းရင်းသွားတာက အဆီပြန်တာကိုသက်သာစေပါတယ်။ အရေပြားသန့်စင်ပစ္စည်းတွေမှာပါဝင်တဲ့ Salicylic acid နဲ့ တခြားအက်စစ်ဓာတ်တွေက မျက်နှာမှာရှိတဲ့အဆီတွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ဒါပေမဲ့ အရေပြားအထူးကုဆရာဝန်တွေက လူတိုင်းကို တိုနာအသုံးပြုဖို့ ညွှန်ကြားလေ့မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အရေပြားကိုတင်းရင်းစေတဲ့ အာနိသင်က တချို့တွေမှာ အရေပြားယားယံတာကိုဖြစ်စေပြီး အဆီပိုမိုထွက်စေတာကြောင့်ဖြစ်ပါတယ်။ ပေါင်းစပ်အသားအရေရှိသူတွေအနေနဲ့ တိုနာကို မျက်နှာတစ်ပြင်လုံးအသုံးမပြုဘဲ အဆီပြန်တဲ့နေရာတွေကိုသာ လိမ်းပေးသင့်ပါတယ်။

"တချို့က တိုနာအသုံးပြုလိုက်တဲ့အခါ အရေပြားတင်းတင်းရင်းရင်းခံစားရတာကို သဘောကျတတ်ပါတယ်။ ဒီလိုအရေပြားတင်းရင်းသွားတာက အဆီပြန်တာကို သက်သာစေပါတယ်။ အရေပြားသန့်စင်ပစ္စည်းတွေမှာပါဝင်တဲ့ Salicylic acid နဲ့ တခြားအက်စစ်ဓာတ်တွေက မျက်နှာမှာရှိတဲ့အဆီတွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ဒါပေမဲ့ အရေပြားအထူးကုဆရာဝန်တွေက လူတိုင်းကို တိုနာအသုံးပြုဖို့ ညွှန်ကြားလေ့မရှိပါဘူး. . ."

တချို့က ခြောက်သွေ့တဲ့အသားအရေကို ပိုင်ဆိုင်ကြပြီး တချို့က အဆီပြန်တဲ့အသားအရေကို ပိုင်ဆိုင်ကြပါတယ်။ အများစုကတော့ ပေါင်းစပ်အသားအရေကိုပိုင်ဆိုင်ထားကြပြီး ဒီလိုအသားအရေပိုင်ဆိုင်ထားသူတွေမှာ အဆီပြန်တဲ့နေရာ ပိုများနေတတ်ပါတယ်။

**အဆီစုပ်ကပ်ခွာလေးတွေ အသုံးပြုသင့်ပါတယ်**

ဆေးထည့်ထားတဲ့အဆီစုပ်ကပ်ခွာလေးတွေကို အသုံးပြုသင့်ပါတယ်။ Salicylic acid၊ Glycolic acid နဲ့ အဆီပြန်တာကို ကာကွယ်ပေးနိုင်တဲ့ တခြားပါဝင်ပစ္စည်းတွေပါဝင်တဲ့ အဆီစုပ်ကပ်ခွာလေးတွေက အဆီပြန်သူတွေ အသုံးပြုဖို့သင့်လျော်ပါတယ်။

**မျက်နှာပေါင်းတင်ပေးသင့်ပါတယ်**

မျက်နှာပေါင်းတင်လိုက်တာက မျက်နှာမှာရှိတဲ့အဆီတွေနဲ့ ချွေးပေါက်ထဲမှာရှိတဲ့အညစ်အကြေးတွေကို ဖယ်ရှားသန့်စင်ပေးလိုက်တာဖြစ်လို့ ချွေးပေါက်တွေကို ပွင့်သွားစေပါတယ်။ မျက်နှာသန့်စင်ပြီးတဲ့အခါ တိုနာလိမ်းတာနဲ့ မျက်နှာပေါင်းတင်တာတွေက အရေပြားမှာရှိတဲ့အဆီတွေကို ဖယ်ရှားပေးပြီး ခြောက်သွေ့သွားစေပါတယ်။

**အစိုဓာတ်ထိန်းပေးသင့်ပါတယ်**

အဆီပြန်တဲ့အသားအရေရှိသူတွေက အစိုဓာတ်ထိန်းခရင်မ် လိမ်းရင် အဆီပိုပြန်မှာကို စိုးရွံ့တတ်ကြပါတယ်။ တကယ်တော့ ဒီအယူအဆက မှားယွင်းနေပါတယ်။ အဆီပြန်တဲ့အသားအရေရှိသူတွေကလည်း အစိုဓာတ်ထိန်းဖို့လိုအပ်ပါတယ်။ အဆီဓာတ်မပါဝင်တဲ့ အစိုဓာတ်ထိန်းခရင်မ်ကို ရွေးချယ်ဝယ်ယူဖို့တော့ လိုအပ်ပါတယ်။ ပေါင်းစပ်အသားအရေရှိသူတွေအနေနဲ့ အဆီပြန်တဲ့နေရာနဲ့ ခြောက်သွေ့တဲ့နေရာတွေအပေါ် အစိုဓာတ်ထိန်းခရင်မ်ကို ပမာဏအတူတူတော့ မလိမ်းသင့်ပါဘူး။

**အဆီမပါဝင်တဲ့ နေရောင်ကာခရင်မ်လိမ်းသင့်ပါတယ်**

နေရောင်ခြည်မှာပါဝင်တဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့အတွက် နေရောင်ကာခရင်မ်လိမ်းဖို့ လိုအပ်ပါတယ်။ နေရောင်ကာပေးနိုင်တဲ့ဂျယ်တွေက Cream နဲ့ Lotion လိုပဲ အသားအရေကို အဆီပြန်စေပါတယ်။ ဒါကြောင့် အဆီမပါဝင်ဘဲ နေရောင်ကာနိုင်စွမ်းရှိတဲ့ခရင်မ်တွေကို အသုံးပြုသင့်ပါတယ်။

**ရာသီဥတုနဲ့လိုက်ဖက်အောင် ဂရုပြုသင့်ပါတယ်**

ရာသီဥတုတစ်ခုနဲ့တစ်ခု၊ တစ်ဦးနဲ့တစ်ဦး၊ တစ်နေ့နဲ့တစ်နေ့ မျက်နှာအဆီပြန်တာမတူညီဘဲ ပြောင်းလဲနေတတ်ပါတယ်။ ဟော်မုန်း၊ စိတ်ခံစားမှုနဲ့ရာသီဥတုအပြောင်းအလဲတွေက မျက်နှာအဆီပြန်တာကိုဖြစ်စေပါတယ်။ မျက်နှာအဆီပြန်တတ်သူတွေက နွေရာသီပူပြင်းတဲ့အချိန်တွေမှာ ချွေးပြန်တာကြောင့် မျက်နှာအဆီပြန်တာကို ဆိုးဆိုးရွားရွားဖြစ်စေတတ်ပါတယ်။ အဲဒီလိုလူတွေက ဆောင်းရာသီမှာတော့ မျက်နှာအဆီပြန်တာ အနည်းငယ်လျော့နည်းသက်သာတတ်ပါတယ်။ နွေရာသီမှာ Glycolic acid ပါဝင်တဲ့ မျက်နှာသန့်စင်ပစ္စည်းကို နေ့စဉ်ပုံမှန်အသုံးပြုပေးဖို့ လိုအပ်ပါတယ်။

**အရေပြားအထူးကုဆရာဝန်နဲ့ တိုင်ပင်သင့်ပါတယ်**

မျက်နှာအဆီပြန်တာအတွက် အသုံးပြုသင့်တဲ့ပစ္စည်းတွေ သုံးနေပေမယ့် မသက်သာခဲ့ရင် အရေပြားအထူးကုဆရာဝန်နဲ့ ပြသဖို့လိုပါတယ်။ လေဆာနဲ့ကုသတာ၊ အပေါ်ယံအရေပြားကွာစေတာတွေပြုလုပ်ပြီး အရေပြားကနေ အဆီထုတ်တာကိုလျော့နည်းအောင် ပြုလုပ်နိုင်ပါတယ်။ Tretinoin၊ Adapalene၊ Tazarotene စတာတွေပါဝင်တဲ့ဂျယ် ဒါမှမဟုတ် ခရင်မ်လိမ်းပေးရင် ချွေးပေါက်တွေကျဉ်းစေပြီး အဆီပြန်တာကို သက်သာစေပါတယ်။ လိုတာထက်ပိုပြီး အဆီပြန်တာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီး ကြည့်ရဆိုးပေမယ့် အဆီပြန်တာက မျက်နှာအရေးအကြောင်းဖြစ်ပေါ်မှုကို ကာကွယ်ပေးထားတဲ့ သဘာဝအားသာချက်ပဲဖြစ်ပါတယ်။ လိုတာထက်ပိုတဲ့အဆီပြန်တာကို ဖယ်ရှားနိုင်ပြီး လှပတဲ့အသားအရေပိုင်ဆိုင်နိုင်စေဖို့ အကြံပြုရေးသားလိုက်ရပါတယ်။

## ကျောက်ဆည်မြို့နယ် မြေစိုကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မြေစိုကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီပင်သည် ရေကြိုက်သည့်အပင်တစ်မျိုးဖြစ်သောကြောင့် ရေသွင်း၊ ရေထုတ်လွယ်ကူစေရန် မြေပေါင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာအစေ့တိုက်ရိုက်ချစိုက်ပျိုးရသည်။ အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ မြေသြဇာကျွေးခြင်းများပြုလုပ်ပေးရပြီး အပင်ပြုစုမှုကောင်းပါက သုံးလခန့်အထိ နေ့စဉ်ဆွတ်ခူးရောင်းချရသည်။ ကိုင်းကျွန်းမြေ၊ နုန်းမြေများတွင်စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းကြောင်း သိရသည်။

ရုံးပတီတစ်ကေစိုက်ပျိုးပါက မြေအမျိုးအစားနှင့် သွင်းအားစုပေါ်မူတည်ပြီး ငွေကျပ်သုံးသိန်းနီးပါးကုန်ကျကာ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ဆွတ်ခူးရောင်းချနိုင်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားရေး သီးထပ်သီးညှပ်ရောနှောစိုက်ပျိုးမှုစနစ် အားထားလုပ်ကိုင်

ညောင်ဦး အောက်တိုဘာ ၈



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး တချို့တောင်သူများက တောင်ယာလုပ်ငန်းနှင့်တွဲဖက်ကာ ထန်းလျက်ချက်လုပ်ငန်း (ထန်းတက်လုပ်ငန်း) ကို လုပ်ကိုင်ကြကြောင်း သိရသည်။ ယခင်က သီးနှံများစိုက်ပျိုးရာတွင် တစ်သီးစားသာ စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုအခါ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာသည်နှင့်အမျှ သီးနှံဝင်ငွေပိုမိုရရှိစေရန် တစ်သီးစားစနစ်မှ နှစ်သီးစားစနစ်ဖြင့် သီးနှံများကို သီးထပ်သီးညှပ်ရောနှောစိုက်ပျိုးလာကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူအများစုမှာ မိုးကောင်းသောက်စနစ်ဖြင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲကြီး၊ ပဲပိစပ်၊ ဖူးစားပြောင်း၊ နှံစားပြောင်းနှင့် နေကြာ စသည့်သီးနှံများကိုစိုက်ပျိုးကြသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးရန်ပုံငွေမှထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ် လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စု နယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲများမှ တစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည် အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထား ရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ် တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပ သို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက် ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့် အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက်နိုင်ငံကူးလက်မှတ် (Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါ သည်။

**အလုပ်သမားဝန်ကြီးဌာန**

## ရေဘေးသင့်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ၌ လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေဘေးသင့်ခဲ့သည့် နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ လျှပ်စစ်မီး ပြန်လည်သုံးစွဲနိုင်ခြင်းအခမ်းအနားကို အဆိုပါ ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ စက်မှု ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက် ကြသည်။

ဦးစွာ ကြံဖိုစုကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ရေဘေးသင့်ခဲ့သဖြင့် ကျေးရွာနေပြည်သူများ အခက်အခဲတွေ့ကြုံခဲ့ရသည့်အခြေအနေများ ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကြံဖိုစုကျေးရွာ လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ရေး အတွက် ကျေးရွာသုံးလျှပ်စစ်မိန်းခလုတ်ကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကြံဖိုစုကျေးရွာမှ ရပ်မိရပ်ဖတစ်ဦး က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး သည် တက်ရောက်လာသည့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးရွာပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင် မည့်အခြေအနေများကို ဆွေးနွေးပြောကြားပြီး ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ရေး အတွက် ရေမြောင်းများတူးဖော်နေမှုကို အားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ် နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်း ဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်း ဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိ ပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ခန့်အပ်လွှာလာရောက်ပေးအပ်



နေပြည်တော်  အောက်တိုဘာ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ”** ခေါင်းစဉ်ဖြင့် ၉-၁၀-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်တည်ငြိမ်မှုကို မလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကို ဒုက္ခပေးနေ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# (၂၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




နေပြည်တော် အောက်တိုဘာ ၈

မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၇ ရက်ကကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ မတိုင်မီနှင့် ၂၀၂၅ အလွန် ဒေသတွင်းစီးပွားရေးမျှော်မှန်းချက်များ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ ၏အပြီးသတ်ကာလ ပြန်လည်သုံးသပ်မှုအပါအဝင် လမ်းပြမြေပုံအကောင်အထည်ဖော်မှု၊ ကဏ္ဍများအကြား ပေါင်းစပ်အကောင်အထည်ဖော်ရမည့် စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအစီအစဉ်နှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက်ရေးဆွဲမှုများအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ (၄၄) ကြိမ်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့် အစီရင်ခံစာကိုအတည်ပြုခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်ရှိ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကို အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့်စီးပွားရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်ညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ်တွင် အချိန်မီအပြီးသတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်းပြီး ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်တို့ကိုဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် လာအိုနိုင်ငံစက်မှုနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်တို့လည်း တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများနှင့် ပုသိမ်တက္ကသိုလ်တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော်  အောက်တိုဘာ ၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အိမ်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျောင်း၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူတိုင်း အနိမ့်ဆုံး KG+9 အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်အောင် သင်ကြားပေးကြရန်၊ ပညာအရည်အသွေး တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဆွေးနွေးပြောကြားပြီး ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အိမ်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကန်ကြီးဒေါင့်မြို့နယ် ဒါးကအခြေခံပညာအထက်တန်းကျောင်း၊ တကုန်းကြီးအခြေခံပညာအထက်တန်းကျောင်းတို့သို့ရောက်ရှိပြီးကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှုကိုကြည့်ရှုအားပေးကာ စာသင်ခန်း၊ စာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်တက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်အတွက် လိုအပ်သည့်အသိပညာ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းရတနာများ၊ အရည်အသွေးပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးရန်၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးလက်တွဲဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(၅၀၀)

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr.Daihei Mochizuki အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr.Daihei Mochizuki ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM အဖွဲ့တို့အကြား ယခင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ လူကုန်ကူးခံရသူများအား ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်မှု၊ ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပေးအပ်မှု၊ IOM နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးရေးနှင့် IOM ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၈

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန(DMC)၌ကျင်းပရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အောက်ရှိလုပ်ငန်းကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးများ၊ ရေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင်တိုင်းဒေသကြီး၊ပြည်နယ်



သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများက တင်ပြသည့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ လိုအပ်မှုအခြေအနေများကို အထက်အဆင့်ဆင့်သို့ တင်ပြနိုင်ရေးနှင့် လုပ်ငန်းများလျင်မြန်ချောမွေ့စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၊ပြည်ပစေတနာရှင်များ၏လှူဒါန်းမှုများကို ရေဘေးသင့်ပြည်သူများသို့ တိုက်ရိုက်အကျိုးရှိရှိ ခံစားခွင့်ရောက်ရှိစေရေး အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများက ကြီးကြပ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များမှတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီ(၁၂)ရပ်မှ အတွင်းရေးမှူးများ ဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မြန်မာ့သိုင်းပြိုင်ပွဲ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၈

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများ အလိုက် သတ်မှတ်ထားသောအားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲများကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား ၃ ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အောက်တိုဘာလ ၉ ရက်နေ့တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ အားကစားအမျိုးအစားအလိုက်ဗိုလ်လုပွဲပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိတပ်နယ်အားကစားရုံတို့၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ တတိယနေရာလုပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# သားမြေးစဉ်ဆက် ဂုဏ်ဝင့်စေဖို့

မောင်မောင်လွင်(ရွှေဘိုသား)

"သစ်ငုတ်ကျားဆီး၊ မှူကြီးရေးခွင်၊ ရှေ့ဖျားတင်၍၊ ဆင်လျှင် ဆင်ချင်း၊ မြင်းလျှင် မြင်းတိုက်၊ တိုက် တိုက် သရွေ့၊ တွေ့တွေ့သမျှ ကာလမရွေး၊ တို့တဝေးကား၊ အရေးမရှု၊ ဗိုလ်ထုပျက်ချည်း၊ ယှဉ်တိုင်းလည်း စိမ့်၊ မသရည်းချင်၊ ချဉ်သီးမြင်သော်၊ ပါးပြင်စက်စို၊ လျှာရည်ယိုသို့၊ တကိုယ်ရည်ဘက်၊ ရှင့်မှုထွက်က၊ သက်မမှတ်ချင်၊ ဝင်၍ဖြုတ်ဖြုတ်၊ အူသည်းနုတ်အံ့၊ သုတ်သုတ်မြန်သက်၊ စိတ်ထက်ထက်နှင့်၊ ရှင့်လက် ရွေးဆန်၊ တို့ တသွန်ကား၊ တံခွန်စိုက်ချည်း၊ အသည်း ထပ်မျှ၊ တူတန်ကြသည်၊ သူရဲဘော် ရန်ခွင်းတည်း"

မဟာဇနကပျို့

ယနေ့ နည်းပညာခေတ်ကြီးတွင် ကမ္ဘာ့အင်အား ကြီးနိုင်ငံများက နိုင်ငံရေးနှင့်စီးပွားရေးလွှမ်းမိုး ချုပ်ကိုင်နိုင်ရန်အတွက် စစ်အင်အား(စစ်မှုထမ်း အင်အားနှင့် အစွမ်းထက်လက်နက်များပိုင်ဆိုင်မှု) အပြိုင်အဆိုင် တိုးချဲ့လာခြင်းဖြင့် တတိယကမ္ဘာ စစ်ကြီးဆီသို့တွန်းပို့နေကြောင်း လေ့လာတွေ့ရှိ ရသည်။ အင်အားငယ်သည့် နိုင်ငံများသည်လည်း မိတ်ဖက်နိုင်ငံများဖြင့်စုဖွဲ့၍ အင်အားချိန်ခွင်လျှာ ထိန်းညှိနေကြလျက် တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ် ကိုင်မှုမခံရစေရေး တန်ပြန်ကြိုးပမ်းနေကြသည်။ ထိုသို့သော ပွတ်တိုက်မှုများကြောင့် စစ်အင်အား တိုးချဲ့ရာတွင် ရှေးယခင်ကဖြစ်ခဲ့ဖူးသည့် စစ်ပွဲများ ၏အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ကြိုတင်ပြင်ဆင်လျက်ရှိကြသည်ကိုလည်း တွေ့ရှိ ရမည်သာဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးသည်ကမ္ဘာ့တိုက်ကြီးသုံးတိုက်၊ သမုဒ္ဒရာကြီးလေးခုတွင်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၈၀ ရာခိုင်နှုန်းသည် စစ်၌ပါဝင်ပတ်သက်ခဲ့ရသည်။ ထိုစဉ်က စစ်ပွဲကြီးများဖြစ်သွားသည့်အခါ စစ်မှုထမ်း ရန် အရေးပေါ်ဆင့်ခေါ်ခဲ့ပြီး စစ်မြေပြင်တွင် မိမိ နိုင်ငံအတွက် အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြသည်။ အရေးပေါ်သည့်အခါမှသာ စစ်မှုထမ်းဆင့်ခေါ်ခဲ့ခြင်း ကြောင့် စစ်ပွဲအောင်နိုင်သော်ငြားလည်း အခက် အခဲများနှင့် ဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း ဒုတိယကမ္ဘာစစ် ကာလတွင် သူ့ကျွန်ဘဝဖြင့် ခါးကော့အောင် ခံစား ခဲ့ရသည်။ စစ်ကြီးပြီးဆုံးပြီးနောက်ပိုင်း စစ်ပွဲတွင်ပါဝင် ပတ်သက်ခဲ့သော နိုင်ငံအသီးသီးတို့သည် ပြန်လည် ထူထောင်ရေးနှင့်တည်ဆောက်ရေးကို အားသွန် ကြိုးပမ်းနေချိန် စစ်အေးကာလဖြစ်လာခဲ့သည်။ သို့သော်လည်း အတိတ်သင်ခန်းစာများကိုရယူ၍ နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ နိုင်ငံတော်ကာကွယ် စောင့်ရှောက်ရန်အတွက် "ခေတ်မီတပ်မတော်" တစ်ရပ်အဖြစ် သိဝှက်စွာ ကြိုးပမ်းကြသည်။ ထို့ နောက် နည်းပညာမြင့်မားသည့် အဖျက်စွမ်းအားမြင့် လက်နက်ပိုင်ဆိုင်မှုကိုထုတ်ဖော်ပြလာပြီး နိုင်ငံရေး နှင့် စီးပွားရေးချုပ်ကိုင်လွှမ်းမိုးနိုင်ရန် ခြိမ်းခြောက် လာတော့သည်။ နိုင်ငံအသီးသီးတို့တွင်ချမှတ်ပြီးဖြစ် သော ကာကွယ်ရေးမဟာဗျူဟာများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်လာတော့သည်။ နိုင်ငံ တော်ကာကွယ်ရေးမဟာဗျူဟာချမှတ်ကြရာတွင် နိုင်ငံ၏ပထဝီအနေအထား၊ ပြည်သူတို့၏သဘော ထား၊ မိမိတပ်မတော်၏စွမ်းရည်စသည်ဖြင့် ထည့်သွင်း တွက်ချက်၍ နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာ ချမှတ်ကြသည်။ ထိုသို့ ကာကွယ်ရေးမဟာဗျူဟာ ချမှတ်ရာတွင် စစ်အင်အားတောင့်တင်းခိုင်မာလာ စေရေးအတွက် စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကြပြီး ဖြစ်သည်။ ထိုစစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအပေါ်မူတည်ပြီး ကွဲပြားသည်။ ဖွံ့ဖြိုးတိုး တက်မှုမရှိသေးသည့်နိုင်ငံများတွင်မူ စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားသော်လည်း လက်တွေ့အကောင်အထည် မဖော်နိုင်သေးဘဲ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟူသည့်အသိ စိတ်ဓာတ်ရှိစေရန် အသိပေးလှုံ့ဆော်ရုံမျှသာဖြစ်ပြီး အချို့သောနိုင်ငံများတွင် ကျွန်ုပ်တို့နိုင်ငံကဲ့သို့ လူဦး ရေကန့်သတ်ချက်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်လျက်ရှိကြသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ များသည်ပင်ရင်ဆိုင်နေရသည့်စစ်ရေးတင်းမာမှုအခြေ အနေအရ ယခင်ကထက် စစ်အင်အားတောင့်တင်း ခိုင်မာလာစေရေး ဆောင်ရွက်လျက်ရှိကြသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း ၂၀၁၅ ခုနှစ် တွင် "ကာကွယ်ရေးစက္ကူဖြူစာတမ်း(၂၀၁၅)" ကို အတိအလင်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ထိုစာတမ်းတွင် "တပ်မတော်(ကြည်း၊ ရေ၊ လေ) ကို မဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးလျက် နိုင်ငံ တော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်များအတွင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာမည့် ပြည်ပရန်သူ များအား ဟန့်တားထိန်းချုပ် တွန်းလှန်ချေမှုန်းရေးပင် ဖြစ်သည်"ဟု ဖော်ပြထားပါသည်။ စစ်ရေးစွမ်းအား တည်ဆောက်ခြင်းနှင့်ပတ်သက်၍ "နိုင်ငံတကာဖြစ်စဉ် ဖြစ်ရပ်များအရ တပ်မတော်ပြိုကွဲသည်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများပါ ယိမ်းယိုင်သွားကြပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ရေးတို့ မှာလည်း လုံခြုံမှုမရှိတော့သည်ကို တွေ့ရှိရမည်။ ခေတ်သစ်စစ်ပွဲများ၏ပုံသဏ္ဌာန်နှင့် ပြောင်းလဲ တိုးတက်နေသော စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာ၊ ခေတ်မီနည်းပညာများအရ နိုင်ငံများသည် မိမိတို့၏ အချုပ်အခြာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေး၊ ပြည်သူ တို့၏အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက် မိမိတို့၏တပ်မတော်များကိုခေတ်မီရန် ဦးတည် ကြိုးပမ်းဆောင်ရွက်ရာတွင် လုံလောက်သော စစ်ရေး စွမ်းအားရှိသည့် ခေတ်မီတပ်မတော်ကြီးတစ်ရပ် တည်ဆောက်ရန်လိုအပ်လာသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည်လည်း အလားတူပင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်လာစေရေး တည်ဆောက်သွားရမည်ဖြစ်ပါသည်"ဟု ဖော်ပြထား သည်။

မြန်မာနိုင်ငံ၏ကာကွယ်ရေးစက္ကူဖြူပါ "ပြည်သူ့ စစ်မဟာဗျူဟာ" နှင့် "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်လာရေး"သည် ယနေ့ခေတ်၏တောင်းဆိုချက် အရ အလျင်အမြန်ဖော်ဆောင်ရမည်ဖြစ်သည်။

ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ရာတွင်အရွယ် ရောက်သူတိုင်း စစ်ပညာသင်ကြားတတ်မြောက်ထား ရန်လိုအပ်ပေမည်။ သို့မှသာ အင်အားတောင့်တင်း ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်တည်ဆောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ် တို့နိုင်ငံသည် တိုင်းရင်းသားအလွှာရှစ်လွှာဖြင့် ပေါင်းစည်းတည်ဆောက်ထားသည့်"ပြည်ထောင်စု" ဖြစ်သည့်အားလျော်စွာ ရာသီဥတု၊ တောတောင် သဘာဝနှင့်ရိုးရာယဉ်ကျေးမှုတို့သည် မတူညီသော် လည်း တူညီသည့် "ပြည်ထောင်စုစိတ်ဓာတ်" ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ် သည်။ နိုင်ငံသားတစ်ယောက်၏မွေးရာပါ အခွင့်အရေး များကိုသာ ရှေးရှုနေခြင်းထက် "နိုင်ငံတော်၏ လွတ်လပ် ရေးနှင့်အချုပ်အခြာအာဏာ မဆုံးရှုံးစေရေး" သည် လည်း နိုင်ငံသားတစ်ယောက်၏ မွေးရာပါတာဝန် ဖြစ်ကြောင်း အစဉ်သတိရှိရမည်ဖြစ်သည်။

နိုင်ငံတော်လွတ်လပ်ရေးရရှိခဲ့သည်မှာ ရာစုနှစ် တစ်စုဆီသို့ ချဉ်းကပ်လာပြီဖြစ်သည်။ နယ်ချဲ့တို့၏ အမွေဆိုးများကို အသိတရားဖြင့် ဖယ်ရှားရန် အချိန် များစွာ ကုန်လွန်စေခဲ့ပြီဖြစ်သလို လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုသည် ပြည်ထောင်စုကြီးအတွက် အန္တရာယ်ဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေး ခဲ့ရကြောင်း အသိတရားနိုးထရန် အချိန်တန်ပြီ ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံ၏ပထဝီအနေအထားသည် အင်အားကြီးနိုင်ငံတို့၏ အားပြိုင်မှုတွင် အချက် အချာရှိနေသဖြင့် မြေစာပင်မဖြစ်စေရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်သူ တစ်ရပ်လုံးပါဝင်သော ကာကွယ်ရေးအင်အားစုကြီး အဖြစ် တည်ဆောက်ရန်လိုအပ်သည်။ ဤသို့တည် ဆောက်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ် ခြင်းဟူသည့် "အား"ရှိရန် လိုအပ်ပေသည်။ ထို"အား" ကို စုစည်းစိုက်ထုတ်လိုက်မည်ဆိုလျှင် "စွမ်းရည်" ဖြစ်လာမည်ဖြစ်သည်။ အားမရှိလျှင် စွမ်းရည် သည်လည်း ဖြစ်တည်လာမည်မဟုတ်ချေ။ နိုင်ငံ့ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် အနော်ရထာ၊ ဘုရင့်နောင်နှင့်အလောင်းဘုရားတို့သည် နိုင်ငံတော် ကိုထူထောင်ရာတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဟူသည့် "အား"ကို တည်ဆောက်ပြီးနောက် လက်ရုံးရည်၊ နှလုံးရည်ဟူသည့် "စွမ်းရည်"ဖြင့် လွှမ်းခြုံထားသဖြင့် ကမ္ဘာ့အလယ်ခံ့ညားခဲ့သည်။

ယနေ့ တစ်ဟုန်ထိုးတိုးတက်နေသည့် နည်းပညာ ခေတ်ကြီးတွင် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ သည်ပင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး စသည့်နယ်ပယ်အသီးသီး၏စိန်ခေါ်မှုကို ရင်ဆိုင်နေ ကြရသည်။ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မပျက် စေရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ မိမိနိုင်ငံကို စွမ်းအားပြည့်ကာကွယ်စောင့် ရှောက်ရန် ခေတ်မီတပ်မတော်အဖြစ် အပြိုင်အဆိုင် တည်ဆောက်လျက်ရှိသည်ကိုတွေ့ရှိရမည်သာဖြစ် သည်။ ထိုပြိုင်ဆိုင်မှုသည် နည်းပညာမြင့်မားလာ သည်နှင့်အမျှ အတိုင်းအဆမရှိ မြင့်မားလာမည် သာဖြစ်သည်။ ထို့ကြောင့် သုတေသီများက တတိယ ကမ္ဘာစစ်ဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာနေပြီဟု သုံးသပ်ပြောဆိုလျက်ရှိကြသည်။ စိန်ခေါ်နေသည့် နယ်ပယ်အသီးသီးအတွက် ကြိုတင်ပြင်ဆင်နေကြ သည့်အချိန်တွင် ကျွန်ုပ်တို့နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ပြည်သူလူထုလိုလားတောင့်တသည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီး လျက်ရှိသည်။ အမှန်စင်စစ် နိုင်ငံတော်အတွက် ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး စုပေါင်းအားဖြင့် စိန်ခေါ်နေသည့် နယ်ပယ်အသီးသီးကို ရင်ဆိုင်ကျော် လွှားရန် ညီညွတ်မှုဟူသည့် "အား"ဖြင့် "စွမ်းရည်" မြင့်မားစေရေး အထူးကြိုးပမ်းရမည့် အချိန်ဖြစ်သည်။ အမေကျော် ထွေးတော်လွမ်းရန် အချိန်မဟုတ်။ ဤသို့ သော ကမ္ဘာ့အခြေအနေများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသည် ကောင်းစွာရှုမြင်သုံးသပ် ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်ရေးအတွက် မြန်မာ့ရုပ်မြင် သံကြားနှင့်မြဝတီရုပ်မြင်သံကြားတို့တွင် လည်း ကောင်း၊ နိုင်ငံပိုင်သတင်းစာများနှင့် မြဝတီသတင်း စာများတွင်လည်းကောင်း ထုတ်လွှင့်ကြေညာ လျက်ရှိသည်။ လူမှုကွန်ရက်တွင်ပြည်ဖျက်မီဒီယာ များက သတင်းမှားများရေးသား၍ဝါဒဖြန့်ချိလျက်ရှိ သည်ကို သတိချပ်ရှောင်ကြဉ်ရန်လိုအပ်သည်။ ထို့အတူ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ လူမျိုးရေးအမြင်ကျဉ်းမြောင်းမှုနှင့် နယ်ချဲ့အမွေဆိုး များကြောင့်လည်းကောင်း၊ ကိုယ်ကျိုးစီးပွား ကာကွယ် ရန်အလို့ငှာ အဓမ္မလူသစ်စုဆောင်းခြင်း၊ "လူမျိုး ကောင်းစားရေး"နှင့် "ဒေသဖွံ့ဖြိုးတိုးတက်ရေး"ဟူသည့် အသံကောင်းဟစ်ကာ ဆက်ကြေးကောက်ခံယူခြင်း ပြောဆိုနေကြသော်လည်း ပြည်နယ်/တိုင်းဒေသကြီး များ ဆက်သွယ်ထားသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များအား မိုင်းခွဲခြင်းဖြင့်လည်းကောင်း စသည့်အကြမ်းဖက် လုပ်ရပ်များလုပ်နေကြသည်မှာ စက်ဆုပ်ဖွယ်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အထက်ဖော်ပြပါ "မဟာဇနကပျို့"လာ ကျွန်ုပ်တို့မြန်မာလူမျိုးတို့သည် စစ်သွေးစစ်မာန် သန္ဓေတည်ရှိပြီးဖြစ်သည့်အားလျော် စွာ မျိုးချစ်စိတ်ဓာတ်တည်းဟူသည့် နှလုံးရည်ဖြင့် ပေါင်းစည်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟူ သည့် "အား"ဖြင့် အနာဂတ်နိုင်ငံတော်အရေး ချမှတ် ထားသည့် နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာဖြစ် သည့် ပြည်သူ့စစ်မဟာဗျူဟာအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါဝင်သည့် နိုင်ငံတော်ကာကွယ်ရေး အင်အားစုကြီးအဖြစ် လျင်မြန်စွာတည်ဆောက်ကြ ရမည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေး အင်အားစုကြီးဖြစ်ပေါ်လာစေရေးအတွက် ပြည်သူ့ စစ်မှုထမ်းဥပဒေကို လိုက်နာကြရမည်သာဖြစ်သည်။ ပါးစပ်ကသာ တိုင်းပြည်ကိုချစ်နေသည်ထက် သွေး ချွေးများဖြင့် သက်သေပြရန် လိုအပ်သည်။ သို့မှသာ သားမြေးစဉ်ဆက် ဂုဏ်ဝင့်စေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> **"မဟာဇနကပျို့"လာ ကျွန်ုပ်တို့ မြန်မာလူမျိုးတို့သည် စစ်သွေးစစ်မာန် သန္ဓေတည်ရှိပြီးဖြစ်သည့်အားလျော်စွာ မျိုးချစ်စိတ်ဓာတ်တည်းဟူသည့် နှလုံးရည်ဖြင့်ပေါင်းစည်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟူသည့် "အား"ဖြင့် အနာဂတ်နိုင်ငံတော်အရေး ချမှတ်ထားသည့်နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာဖြစ်သည့် ပြည်သူ့စစ်မဟာဗျူဟာအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါဝင်သည့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီး အဖြစ် လျင်မြန်စွာတည်ဆောက်ကြရမည့် အချိန်အခါဖြစ်. . .**

# လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ (၂၉) ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ(၇)ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ၌ (၂၉) ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ(၇)ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၈ ရက်တွင် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တည်ရှိရာ ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အား ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားဆင်ယင်ပြီး ပင့်သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီးနောက် ကြွရောက်တော်မူလာသည့် ပင့်သံဃာတော်များထံမှ စိန်ရောင်ခြည်ဂါထာတော်ဖြင့် ဘုရားပင့်ဖိတ်ကာ ကိုးပါးသီလခံယူဆောက်တည်ကြပြီး အဘိဓမ္မာတရားနာယူရန် သမ္မာဒေဝနတ်ဖြပ်မှာ အပေါင်းတို့အား ဖိတ်ကြားခဲ့သည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အရှင်သူမြတ်အပေါင်းတို့နှင့်တကွ လူပရိတ်သတ်တို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သံပြိုင်သုံးကြိမ်ပူဇော်ပြီး အလှည့်ကျသံဃာတော်မှ အဘိဓမ္မာဒေသနာတော်ကို အစဉ်အတိုင်း ဆက်လက်ရွတ်ဆို၍ ပူဇော်ကာ ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော်အရှင်သူမြတ်အပေါင်းတို့အား တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားကို အောက်တိုဘာလ ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ **လင်းခန့်**

# ဘုတ်ပြင်းမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး

**ဘုတ်ပြင်း အောက်တိုဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေရုံးတို့ပူးပေါင်း၍ လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၇ ရက်က လူထုအခြေပြုဇဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် Online မှတစ်ဆင့် အသိပညာပေးဆောင်ရွက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ်ဥပဒေအရာရှိဒေါ်ယဉ်လှဲ့မင်းဝေက လူကုန်ကူးမှု၏အဓိပ္ပာယ်၊ လူကုန်ကူးမှုဥပဒေပြဋ္ဌာန်းရသည့်ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသစ်ပြန်လည်ပြဋ္ဌာန်းသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများ၊ လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ဆောင်ရန်၊ ရှောင်ရန်များ၊ ခေါင်းပုံဖြတ်ရခြင်းနှင့် လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းအရာများ၊ လူကုန်ကူးသူများအသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးမှုပပျောက်ရေးအတွက် တခြားလိုက်နာသင့်သည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ဇလွန်မြို့နယ် ငွေးကုန်းကျေးရွာ၌ ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး


**ဇလွန် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိပြီး လူနေမှုဘဝများ မြင့်မားစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ တိုးပွားလာသောအတိုးရငွေများ၏ ၅၀ ရာခိုင်နှုန်းဖြင့် လိန်ကုန်းကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ငွေးကုန်းကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း အရှည်ပေ ၂၂၀၀ သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၈ ဒသမ ၁၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၁ ဒသမ ၁၆၉၇၉ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**




# မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဆိုလာစနစ်ဖြင့် လာမည့်စိုက်ပျိုးရာသီမှစ၍ တစ်နှစ်လျှင်သုံးသီး ဧကအပြည့်စိုက်ပျိုးရေပေးဝေမည်

**မကွေး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဆိုလာစနစ်ဖြင့် လာမည့်စိုက်ပျိုးရာသီမှစ၍ တစ်နှစ်လျှင်သုံးသီး ဧကအပြည့် စိုက်ပျိုးရေပေးဝေမည်ဖြစ်ကြောင်း မကွေးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသိန်းကြည်၏ပြောပြချက်အရ သိရသည်။

မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းကျေးရွာအနီး၌တည်ရှိပြီး အကျိုးပြုဧက ၅၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိကာ ယခင်က တစ်နှစ်လျှင်နှစ်သီးသာ စိုက်ပျိုးရေပေးဝေနိုင်ရာမှ ယခုအခါ ဆိုလာစနစ်တပ်ဆင်ပြီးစီးပြီဖြစ်သောကြောင့် လာမည့်စိုက်ပျိုးရာသီမှစ၍ တစ်နှစ်လျှင် သုံးသီးစလုံး ဧကအပြည့် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မြင်ကွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းက အရင်က လျှပ်စစ်ဓာတ်အားကိုပဲ အသုံးပြုခဲ့ရတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေပေါ်မူတည်ပြီး နွေရာသီဆိုရင် စိုက်ပျိုးရေပေးဝေနိုင်တဲ့ဧက လျော့နည်းခဲ့ပါတယ်။ ဒါကိုကုစားဖို့အတွက် ဒီနှစ်မှာ ဆိုလာစနစ်နဲ့လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့တာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လာမယ့်စိုက်ပျိုးရာသီကစပြီး တစ်နှစ်မှာသုံးသီးစလုံး ဧကအပြည့်အဝစိုက်ပျိုးရေပေးဝေနိုင်မှာဖြစ်ပါတယ်" ဟု ဦးသိန်းသိန်းကြည်ကပြောသည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းကို ယခုဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် မကွေးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးမှူး၍ Capacity Build Engineering Co., Ltd. နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဆိုလာစနစ်ဖြင့် ၅၅ ကီလိုဝပ်စီရှိသော ရေပန့်မော်တာနှစ်လုံးကို မောင်းနှင်ကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာမှ စိုက်ဧက ၅၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတောင်သူများ အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများပေးအပ်ချီးမြှင့်စဉ်။

- **မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ . . .**
- **တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား(Cable-Stayed Bridge) အမျိုးအစားဖြစ်၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့်ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့်ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်. . .**

◆ **စာမျက်နှာ ၁၇ မှအဆက်**

ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark) တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မန္တလေးမြို့ ကမ်းနားလမ်း၌ ဧရာဝတီရှုခင်းသာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

မန္တလေး အောက်တိုဘာ ၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ မန္တလေးမြို့ ကမ်းနားလမ်း၌ ဧရာဝတီရှုခင်းသာကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီရှုခင်းသာကို ပြည်သူများ ကျန်းမာရေးအတွက်လေ့ကျင့်ခန်းများလုပ်ဆောင်နိုင်ရန်၊ အပန်းဖြေအနားယူနိုင်ရန်နှင့်ဧရာဝတီမြစ်၏အလှအပကို ကြည့်ရှုခံစားနိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

"ကမ်းနားလမ်းမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းကို ဧရာဝတီရှုခင်းသာ (ဧရာဝတီဗျူးပွိုင့်)ဆိုပြီး နာမည်ပေးထားတယ်။ အဓိကက မန္တလေးမြို့နေပြည်သူတွေ လာရောက်အပန်းဖြေအနားယူဖို့၊ အားကစားလုပ်ဖို့၊ ညနေပိုင်းမှာလည်း ဧရာဝတီမြစ်ရဲ့ ညနေဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်စေဖို့ရည်ရွယ်ပြီး ဆောက်လုပ်တာပါ။ အဲဒီလိုဆောက်လုပ်ရာမှာ အမြင့်ဆုံးရေ Level အထိလွတ်အောင် ရေလွှတ်ရင်ပြင်လုပ်ပေးထားတယ်။ ရေလွှတ်ရင်ပြင်က ပေ ၁၀၀ အကျယ်ရှိပါတယ်၊ အောက်မှာလည်း ၅၅ ပေကျယ်တဲ့ မော်တော်ယာဉ်တွေမောင်းလို့ရတဲ့ လမ်းတစ်ထပ်ဖောက်လုပ်ပေးထားပါတယ်" ဟု မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ပြောသည်။

ယခုအခါ ရေလွှတ်ရင်ပြင်တွင် လက်ရန်းများတပ်ဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ ဆိုလာမီးတိုင်များတပ်ဆင်ခြင်း၊ သစ်ပင်များတွင် မီးအလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဆက်လက်၍ လူသွားလမ်းများတွင် အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ဧရာဝတီရှုခင်းသာတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ဧရာဝတီမြစ်၏ အလှအပများ၊ မြစ်တစ်ဖက်ကမ်းရှိ စစ်ကိုင်းတောင်၊ မင်းဝံတောင်၊ မင်းကွန်းပုထိုးတော်ကြီးနှင့် ဧရာဝတီမြစ်အတွင်း အစုန်၊ အဆန်သွားလာနေကြသောသင်္ဘောများ၊ လှေသမ္ဗန်များ စသည်တို့၏သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်း ပြကွက်အလိုက်ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။

**❖ နက္ခတ်တာရာပြခန်းအား ဂျပန် မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ၊ နက္ခတ်တာရာသိပ္ပံဆိုင်ရာဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေးဖွင့်လှစ်ခဲ့ခြင်းဖြစ်၊ ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်းရှိပြကွက်အလိုက်ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကိုလေ့လာခြင်းပြကွက်များအား ကြည့်ရှုစဉ်။

◆ ကျောဖုံးမှအဆက်

အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေမှုအခြေအနေများနှင့်မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးက နက္ခတ်တာရာပြခန်း သမိုင်းကြောင်းနှင့် ပြခန်းဆိုင်ရာအချက်အလက်များ၊ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက်ပြသထားရှိမှုများနှင့်ကြယ်နက္ခတ်တာရာများကို လေ့လာခြင်းပြကွက်တို့ကို ကြည့်ရှုကြသည်။

အဆိုပါ နက္ခတ်တာရာပြခန်းအား ဂျပန်မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ၊ နက္ခတ်တာရာသိပ္ပံဆိုင်ရာဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့်ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေးစီမံကိန်း ဖြစ်ပေါ်လာပုံနှင့် တံတားဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၏အကျိုးကျေးဇူးများ၊ ၂၀၂၃ ခုနှစ်၊ မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ကမ်းချဉ်းကပ်တံတားလုပ်ငန်းပြီးစီးမှု၊ ပင်မတံတားလုပ်ငန်းပြီးစီးမှု၊ တံတား၏အဓိကကျသည့် ရေလယ်တာဝါတိုင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားလုပ်ငန်းပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးပြုသည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အပိုင်းအလိုက်ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှုကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြတ်သွားလာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများစနစ်တကျဖြစ်ရန်လိုကြောင်း၊ သင်္ဘောများ၏ ရေလမ်းကင်းလွတ်မှုကိုလည်း စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေလယ်တာဝါတိုင်များ အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား စီမံကိန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် **စာမျက်နှာ ၁၅ သို့** ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်းပြကွက်များအားကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects planetarium in Yangon, which is being upgraded to a space gallery, Myanmar-Korea Friendship (Dala) Bridge Project

NAY PYI TAW October 8

This afternoon, along with Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, members of the entourage, including the Yangon Region chief minister, the Yangon Command commander, and officials, inspected the planetarium, which is being upgraded into a space gallery located in People's Square and Park, Dagon Township, Yangon Region, as well as the Myanmar-Korea Friendship (Dala) Bridge Project.

First, Yangon Mayor U Bo Htay explained the history of the planetarium, information about the planetarium, and the programs to upgrade the planetarium to a space gallery. The Senior General provided guidance on necessary matters.

After that, the Senior General and party observed the displays in each section, including the display of studying the constellations inside the planetarium.



Senior General Min Aung Hlaing inspects the Myanmar-Korea Friendship (Dala) Bridge Project.

The planetarium was opened in 1987 to commemorate Japan-Myanmar friendship and to increase knowledge of astronomical science for students and citizens, serving both educational and recreational purposes. It is now known that the planetarium will be upgraded and reopened as a space gallery.

Next, the Senior General inspected maintenance functions in People's Square and Park and provided guidance on necessary matters based on the presentations from responsible officials.

Then, the Senior General and party arrived at the Myanmar-Korea Friendship (Dala) Bridge Project, which is being constructed to connect Yangon and Dala. In the meeting hall, U Myo Thant, Union Minister for Construction, explained the reasons for the construction of the bridge, information about the bridge, the benefits of the project, and the implementation of the guidance provided by the Senior General during his inspection in May 2023. He also presented the completion of the Dala side approach structure, the main bridge, the mid-water piers, which is the main part of the bridge, the completion of the Yangon side approach structure, completion of work according to project work sections, quality maintenance works in carrying out project activities, workplace safety measures, and environmental maintenance works that are being carried out.

See Page - 19



Senior General Min Aung Hlaing visits the Planetarium in Yangon.



Senior General Min Aung Hlaing observes a display inside the Planetarium.

●● From Page - 18

In response, the Senior General said systematic efforts should be made for the phase-by-phase completion of the bridge in time and for its durability as the facility will benefit the people. Traffic safety must be ensured. The connection of parts of the bridge must be perfect, clearance area must be systematically marked and safety of the mid piers must be taken into account.

The Senior General presented baskets of fruit for engineers of the project through officials.

The Senior General and party inspected the functions of the bridge project and looked into the requirements.

During the goodwill visit of President U Thein Sein to South Korea in 2012, discussions were held to implement a bridge project and it was launched in 2103. Construction work began in 2015. The Myanmar-Korea friendship bridge (Dala) is a Cable – Stayed Bridge and when completed coastal areas and the entire Ayeyawady Region will be accessible easily from Yangon through Dala, Twantay, Kawhmu, Kungyangon townships and Dedaye bridge. Moreover, it will help alleviate the current traffic congestion of Yangon to a certain degree. The bridge will also become a landmark of Yangon and facilitate the progress of multiple sectors including social, economic, health and education sectors. **100**



Senior General Min Aung Hlaing presents a gift for project engineers.

●● From Page - 21

**Police, law enforcement, administrative officials mainly responsible for public security sector**

In a democracy, members of the police, law enforcement officials and administrative officials can mainly maintain democracy. Administrative bodies play an important role in the security sector. Members of the police are mainly responsible for public security and required to be capable and competent ones.In training schools, it is necessary to conduct training programs correctly and ensurethat the knowledge imparted can be practically applied in fulfilling duties. Security forces should be strong, reliable for the state, and trusted by the people. Administrative authorities should also recognize the responsibilities carried out by the police force and provide necessary administrative support and convenience. In terms of law enforcement and territorial security, members of the police force and administrative organizations should use the knowledge and skills they have been taught to perform their duties. Those responsible for administration should ensure that basic rules and regulations, such as traffic and road safety rules, are strictly followed by the public. Only by strictly enforcing basic rules can unwanted administrative issues be prevented. Therefore, the maintenance of order within the city must also be given due emphasis.

**District Administration**

Regarding district administration matters, districts have been expanded to effectively carry out administrative tasks and regional development projects. Therefore, district administrators are required to use the authority entrusted to them efficiently and work broadly to ensure the development and stability of the townships under their jurisdiction. They should administer the district to ensure coordination between the townships and the region, ensuring smooth administrative operations. In terms of security, district administrators are responsible for being constantly aware of the situations and changes within the townships they manage, assessing potential security risks. They must also oversee law enforcement, ensure orderly living conditions, and maintain cleanliness and beauty within the townships. Given that Yangon is a city with a large working population, including residents and workers from other regions, it is important to manage public spaces and transportation in an organized and regulated manner.

Moreover, as the country progresses on a multi-party democratic path, the rise of educated individuals is of paramount importance. District administrators are expected to maintain high enrollment rates in schools within their districts and ensure the growth of educated individuals. They should also work to create employment opportunities within their districts. To achieve success in industries, agriculture, and livestock farming, systematic efforts must be made.

With the open season approaching soon, it is important to provide opportunities for individuals to engage in physical activities and group sports. It is essential to create environments where the public can participate in physical exercises safely, as physical activity leads to good health. Only through good health can one work and study effectively. Therefore, administrative organizations in each district should do their best to create opportunities that promote both the physical and mental well-being of the public.

For those in administrative positions, it is important to strive to leave a lasting legacy in the areas where they serve. They should aim to establish a history of governance that is recognized and respected by the public. To do so, administrators must understand and apply effective governance methods, ensuring the development of the areas under their responsibility. Continuously studying and understanding administrative systems is key to fulfilling these duties effectively. Regarding governance, they should regularly seek knowledge through reading various forms of literature. By immersing themselves in good books, they will not only appreciate their content but also gain insights on how to carry out their responsibilities. Administrators must strive to bring dignity and prosperity to the townships and districts they oversee. By working honestly and diligently, they can successfully implement effective governance, fostering stability and development, said the Senior General. Then, the meeting was concluded. **100**

# Cultivation of more than 9,000 acres of monsoon paddy finishes in Myinmu Township

MYINMU October 8

Sagaing District Agriculture Department mentioned that a total of 9,859 acres of monsoon paddy has been planted in Myinmu Township of Sagaing Region.

In 2024-2025 monsoon, the township earmarked 12,133 acres of monsoon paddy but local farmers planted 9,859 acres of monsoon paddy.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Myinmu Township earmarked more than 10,000 acres of monsoon paddy, over 9,000 acres of which has been planted so far. We help local farmers meet the target cultivation."

At present, officials of Township Agriculture Department cooperate with local farmers in growing paddy without difficulties.

Officials of the department provided local farmers with agricultural techniques, prevention of pests, minimizing loss and waste of crops and keeping crops under shelter in time.

This year, monsoon paddy plantations are thriving in Myinmu Township. Staff members of the Township Agriculture Department help local farmers select quality strains of crops, prevention of pests, systematic use of fertilizers and weeding of crops for boosting per-acre yield of crops.

**SK**

# US-Russia work at ISS 'phenomenal example' of bilateral cooperation - NASA Chief



WASHINGTON October 8

The work between Russia and the United States on the International Space Station (ISS) is a "phenomenal example" of cooperation between the two countries, NASA Administrator Bill Nelson told Sputnik on Monday.

"This is one of the phenomenal things in history because we have been cooperating - the Russians and the Americans - have been cooperating in space ever since 1975 Apollo-Soyuz," Nelson said.

In April, Nelson said in a congressional testimony that the US space agency requested additional emergency funding from Congress to start preparing a spacecraft to deorbit the ISS and bring its remains safely to Earth after 2030 if space cooperation with Russia breaks down before then.

"Then Russia had the first space station. Then they built Mir. And they wanted us to come and dock our American space shuttle to Mir. Then we together built the International Space Station. So it's a phenomenal example of cooperation between the two nations," he added.

Current plans anticipate that NASA and the Russian state space corporation Roscosmos will work closely together to safely deorbit the ISS so as not to threaten any populated areas on Earth, the NASA chief said in April.

However, given the current tensions in US-Russia relations, NASA cannot take for granted that the ongoing cooperation with Roscosmos will continue in the indefinite future, Nelson added.

**Sputnik**

# Russian forces take control of DPR's Zolotaya Niva, Ukraine loses up to 115 troops - MoD

MOSCOW October 8

Russia's Battlegroup Vostok has taken control of the village of Zolotaya Niva in the Donetsk People's Republic (DPR), the Russian Defence Ministry said on Tuesday, adding that Ukraine lost up to 115 troops in the conflict zone.



"Units of Battlegroup Vostok have improved their tactical positions and taken control over the village of Zolotaya Niva of the Donetsk People's Republic. The units have struck the formations of the 72nd mechanized and 58th motorized infantry brigades of the Ukrainian armed forces as well as of the 117th and 128th territorial defence brigades near the settlements of Dobrovolye, Velikaya Novoselka, Novopol and Zelenoe Pole in the DPR. The Russian forces have also repelled an attack by a storm group of the 72th mechanized brigade of the Ukrainian armed forces," the statement read.

Ukraine lost up to 115 troops, an armored vehicle, a US-made M113 armored personnel carrier, seven cars, and a French-made Caesar self-propelled howitzer, the Russian ministry added.

Russia's Battlegroup Yug has eliminated up to 855 Ukrainian soldiers over the past day, the Russian Defence Ministry said on Tuesday.

Ukraine lost more than 495 servicemen and one tank in clashes with Russia's Battlegroup Tsentr, which repelled nine Ukrainian counterattacks. Battlegroup Zapad repelled two counterattacks and eliminated more than 425 Ukrainian soldiers.

**Sputnik**

# Second warmest September for Europe, the globe: Copernicus



BRUSSELS October 8

The past month was the second-warmest September on record globally and in Europe, the Copernicus Climate Change Service (C3S) said on Tuesday.

"September 2024 was the second-warmest September globally, after September 2023," the agency said in a press release, adding that the average surface air temperature was 16.17 degrees Celsius, 0.73 degree above the 1991-2020 September average.

It said the global average temperature from January to September 2024 was the highest on record for this period, 0.19 degree higher than the same period last year, suggesting that 2024 is almost certain to become the warmest year on record.

In Europe, temperatures were most above average in eastern and northeastern regions, while globally, the largest anomalies were observed in Canada, the central and western United States, South America, northeast Africa, Japan, and China, it added.

"The extreme rainfall events of this month have been made worse by a warmer atmosphere, leading to more intense rainfall with months' worth of rain falling in just a few days," C3S Deputy Director Samantha Burgess said, adding that the risk of extreme rainfall will continue to increase with rising temperatures. "The sooner we reach NetZero emissions, the sooner we can mitigate this risk."

Devastating floods have recently claimed at least 20 lives in India and Bangladesh, while similar flooding last week killed at least 20 in Bosnia and Herzegovina.

Copernicus is a component of the European Union's (EU) space program, coordinated and managed by the European Commission in partnership with EU member states.

**Xinhua**

# Uganda completes polio vaccination of 2.7 mln children

KAMPALA October 8

Uganda's Ministry of Health has completed the polio immunization targeting 2.7 million children under five years of age in the eastern part of the country after the virus outbreak was detected there in May, a health official said here Monday.

The four-day door-to-door vaccination exercise across 49 districts in the region, which ended Sunday, marked the first large-scale round of the polio vaccination campaign after a circulating vaccine-derived poliovirus type 2 (cVDPV2) was confirmed in May from a sewage plant in Doko of Mbale District in eastern Uganda, Director of Public Health at the Ministry of Health Daniel Kyabayinze told Xinhua over the telephone.

Kyabayinze said the immunization campaign to stop the spread of the disease is part of the global polio eradication initiative supported by the World Health Organization (WHO) and the United Nations Children's Fund.

"The turn-up was very excellent. The response was good. We covered the children below five years in those 49 districts at risk to make sure that no child will get infected with polio," said Kyabayinze. "We got support from the global polio eradication initiative so that we can eliminate polio with the new vaccines we got."

Uganda was certified polio-free in October 2006 by the WHO after having reported no indigenous cases for 10 years.

Polio is a highly infectious disease caused by a virus transmitted through the fecal-oral route and aerosol droplets, which mainly affects children under five years of age, according to the WHO.

**Xinhua**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Yangon Region Security and Development meeting



Senior General Min Aung Hlaing addresses the Yangon Region security and development meeting.





Senior General Min Aung Hlaing hears report on the collection of population and housing census 2024 in various townships.

NAY PYI TAW October 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the Yangon Region Security and Development meeting held at the meeting hall in Kone Myint Tha in Yangon Region this morning.

Also present at the meeting were Joint Secretary of the Council General Ye Win Oo and member Union Minister for Home Affairs Lt-Gen Yar Pyae of the SAC, the chief minister of Yangon Region, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Yangon Command, the Yangon mayor, ministers from the Yangon Region Government, military officers and departmental officials.

**Officers report security measures**

First, Yangon Region Command Commander Maj-Gen Zaw Hein reported to the Senior General on measures taken for regional stability and security, formation of Public Security and Anti-terrorism teams, cooperation of personnel and departmental staff in taking the population and household census, arrests of terrorists and seizures of weapons and ammunition during security operations and tasks carried out for cleanliness and magnificence of pagodas by personnel from local battalions and members of the Myanmar Police Force.

Then, Chief Minister U Soe Thein reported to the Senior General on salient points of the region, security measures taken at posts in townships and major roads, formation of the supervisory committee for public security and anti-terrorism teams and formation of public security and anti-terrorism teams and provision of their needs, taking the population and household census in respective census areas and cooperation of security officers and departmental staff for regional stability.

**Administrative, security officials, public required to perform duties with awareness and sense of security**

After hearing the reports, the Senior General delivered an address, saying members of the regional government and the regional command are required to cooperate in stability and security affairs in Yangon region. Nothing can be perfect in security matters and security measures involving the public can strengthen security. Public security means taking security measures in cooperation with the people conscientiously. Security risks can be reduced by cooperation of responsible officials and the public in security issues. Security risks can be prevented and reduced if public staff cooperate in security matters with security awareness.

Public security and anti-terrorism teams have been formed and members of the teams are required to always raise their security awareness. Members of the teams are required to be vigilant against infiltration of terrorists into their wards and villages and for prevention of acts of terrorism in cooperation with the people with sense and awareness of security. Security can be strengthened only through public participation.

Since assumption of state duties, the SAC has adopted a future road map. It has clearly announced that the ultimate aim is to hold elections and to transfer state power to the winning government. It has consistently implemented the objective to achieve success. It can be learnt from what is happening in the country and in the international community that lack of honesty in politics leads to suffering consequences of dishonesty.

**See Page - 19●●**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုအကူအညီကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီ အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီပေးမှုများကို ပိတ်ဆို့တားဆီးမှုမရှိကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းကို လုံခြုံရေးကိစ္စအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ထိရောက်သည့် အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှူရှင်ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကိုလိုက်ပါလိုပါက အတူလိုက်ပါနိုင်ကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂိဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံအခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်၊

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ပါရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)


## ဓာတ်မြေသြဇာ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော ယူရီးယားနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေသြဇာများ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွက် အဆိုပါဓာတ်မြေသြဇာများ တင်သွင်းနိုင်ရေးကို ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် ယူရီးယားနှင့် ၁၅ပတ်လည်ကွန်ပေါင်းဓာတ်မြေသြဇာများတင်သွင်းလိုသော အသင်းဝင်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းထံသို့ ၁၄-၁၀-၂၀၂၄ ရက်နေ့ထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
ဖုန်း-၀၉-၉၈၈၅၃၉၃၆၀






TOP CHOICE MANPOWER COMPANY LIMITED

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်း**
**ဖျက်သိမ်းရန် ကြေညာခြင်း**

၁။ "TOP CHOICE MANPOWER COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၃၀-၉-၂၀၂၄)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်နန်းနီနီ
Managing Director
Top Choice Manpower Co.,Ltd.



**ပျောက်ဆုံးကြောင်း**

တင်ဆန်း(ဘ)ဦးထွန်းကြိုင် ၁၄/ဖပန(နိုင်)၀၀၄၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁



## မတည်ရင်းနှီးငွေလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ Royal Elephant Family Co.,Ltd.၏မတည်ရင်းနှီးငွေလျှော့ချခြင်းကို ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေကျပ်သိန်းပေါင်း (၅,၀၀၀)မှ ကျပ်သိန်း(၂၀၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Royal Elephant Family Co.,Ltd.



BRIGHT CRYSTAL COMPANY LIMITED

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်း**
**ဖျက်သိမ်းရန် ကြေညာခြင်း**

၁။ "BRIGHT CRYSTAL COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၈-၁၀-၂၀၂၄)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

DR.KYAW HTOO NAING
Managing Director
BRIGHT CRYSTAL COMPANY LIMITED



BIO SECURE COMPANY LIMITED

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအားစာရင်းရှင်းလင်း**
**ဖျက်သိမ်းရန် ကြေညာခြင်း**

၁။ "BIO SECURE COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၈-၁၀-၂၀၂၄)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com(AA);C.P.A(210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

DR.KYAW HTOO NAING
Managing Director
BIO SECURE COMPANY LIMITED



**ပျောက်ဆုံးကြောင်း**

ဝေါမြို့၊ လေးအိမ်စုရွာနေ သူရအောင်(ဘ)ဦးသောင်းရှိန် ၇/ဝမန(နိုင်)၁၈၉၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 421934)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဖြူးမြို့၊ ကျွန်းကုန်းအုပ်စု၊ သနပ်ကွင်းရွာနေ သူဇာငြိမ်းဝေ(ဘ)ဦးနေစိုးပိုင် ၇/ဖမန(နိုင်)၂၁၅၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၇၇၇၆၀၉

**ပျောက်ဆုံးကြောင်း**

ဖျာပုံမြို့၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၉)နေ ဒေါ်စိန်မြ(ဘ)ဦးလွန်းမောင် ၁၄/ဖပန(နိုင်)၀၉၂၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၂၃၄၉၇၉

**ပျောက်ဆုံးကြောင်း**

ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ပထမထပ်၊ အမှတ်(၈၁)နေ ဒေါ်သန်းသန်းမြင့်(ဘ)ဦးညွန့်မောင် ၁၄/ဖပန(နိုင်)၀၂၃၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(251888)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ ရန်မျိုးအောင်ဘုရားလမ်း၊ အမှတ်(၃၁၁)နေ စိုးမြတ်(ဘ)ဦးခိုင်ဝင်း ၁၂/သဃက(နိုင်)၁၇၃၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 869179)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၄၈၈၆၆၉၄

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးဇော်မင်းထွန်း(ဘ)ဦးလှကျော် ၇/ရတရ(နိုင်)၁၄၀၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 276651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၇၇၅၈၅၆

## AVIATION

### ကမ္ဘာ့ပထမဆုံး လျှပ်စစ်စွမ်းအင်သုံးလေယာဉ် နာရီဝက်အားသွင်းပြီး ၅၀၅ မိုင်ပျံသန်းနိုင်

Eviation Aircraft အမည်ရှိကုမ္ပဏီက ကမ္ဘာ့ပထမဆုံးအဖြစ် လျှပ်စစ်စွမ်းအင်သုံးလေယာဉ်ဖြစ်တဲ့ Alice ကိုတီထွင်ထားတာပါ။ သူတို့ရဲ့တီထွင်မှုက လေကြောင်းသယ်ယူပို့ဆောင်ရေးလောကကို ပြန်ပြီး ဆန်းသစ်သွားစေတာတော့အမှန်ပါပဲ။

Alice အတွက် လိုအပ်တဲ့စွမ်းအင်မှန်သမျှကို လျှပ်စစ်ဘက်ထရီတွေကနေပဲ ထုတ်ယူအသုံးပြုထားတာပါ။ အဲဒီဘက်ထရီတွေရဲ့ အလေးချိန်ကတင် လေးတန်အထိရှိပါတယ်။ လေယာဉ်ရဲ့ အလျားက ၅၇ ပေပါ။

သူ့ရဲ့ဘက်ထရီနည်းပညာက ဘက်ထရီစွမ်းအင်သုံး လျှပ်စစ်ကားတွေ၊ ဖုန်းတွေလိုမျိုးပါပဲ။ သူ့ကိုနာရီဝက်မျှအားသွင်းရုံနဲ့ ခရီးသည်ကိုးဦးကိုတင်ဆောင်ပြီး မိုင်ပေါင်း ၅၀၅ မိုင်ကို ပျံသန်းနိုင်စွမ်းရှိတာတွေ့ရပါတယ်။ အမြန်ဆုံးပျံသန်းနိုင်တဲ့နှုန်းက တစ်နာရီကို ၂၈၇ မိုင်ပါ။

Alice ကိုထုတ်လုပ်ထားတဲ့ Eviation Aircraft ကုမ္ပဏီကတော့ လာမယ့်ခုနစ်နှစ်မှ ၁၀ နှစ်အတွင်း ခရီးသည်အယောက် ၂၀ မှ အယောက် ၄၀ အထိတင်ဆောင်နိုင်စေမယ့် လျှပ်စစ်စွမ်းအင်သုံးလေယာဉ်တွေကိုထုတ်လုပ်သွားဖို့မျှော်မှန်းထားပါတယ်။

လက်ရှိမှာတော့ UrbanLink အမည်ရှိတဲ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီက Alice လေယာဉ် ၁၀ စင်းကိုမှာယူထားပါတယ်။ တန်ဖိုးအားဖြင့် ဒေါ်လာငါးဘီလီယံရှိပါတယ်။

**Ref: IE**

**K.H**



---

### ကမ္ဘာ့ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရေပေါ်လျှပ်ပြေးယာဉ် ကုန်ပို့ဆောင်မှုအပေါ် အကျိုးများစေ

မိုင်ယာမီမြို့အခြေစိုက် Sea Cheetah ဆိုတဲ့ကုမ္ပဏီက ကမ္ဘာ့ပထမဆုံးအနေနဲ့ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရေပေါ်လျှပ်ပြေးယာဉ်ကိုတီထွင်ထားပါတယ်၊ သူက ရေပြင်အထက်နားကနေပြီးတော့ တစ်နာရီကို ၁၅၅ မိုင်နှုန်းနဲ့ ခရီးသွားနိုင်တဲ့အတွက် ကမ်းရိုးတန်းနဲ့ကျွန်းများသို့ သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်မှုအပေါ် ကြီးစွာသောအကျိုးသက်ရောက်မှုရှိစေမှာဖြစ်ပါတယ်။


ဒါ့အပြင် သမားရိုးကျကုန်ပို့ဆောင်ရေးယာဉ်တွေနဲ့နှိုင်းယှဉ်ရင် မြင့်မားတဲ့ ဝန်စည်စလယ်အလေးချိန်နဲ့ ဝေးလံတဲ့ ခရီးကို ရောက်ရှိစေနိုင်တာကြောင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ များစွာသောအကျိုးကျေးဇူးတွေကို ရရှိစေနိုင်ပါတယ်။

သူ့ရဲ့အကျိုးကျေးဇူးများအနက်တချို့ကိုပြောရမယ်ဆိုရင် အရွယ်အစားတူညီတဲ့ သမားရိုးကျလေယာဉ် သို့မဟုတ် ရေယာဉ်တွေထက် ဝန်စည်စလယ်ကို သုံးဆပိုတင်နိုင်ပါတယ်၊ ဒါ့အပြင် ရေယာဉ်များထက်လည်း ၁၀ ဆပိုမြန်သလို စွမ်းအင်သုံးစွဲမှုအပိုင်းမှာကျတော့ လေယာဉ်ထက် ၁၀ ဆပိုမိုသက်သာပါတယ်။

အခုလက်ရှိမှာ Sea Cheetah ကုမ္ပဏီက H3 Dynamics ကုမ္ပဏီနဲ့ပူးပေါင်းပြီး သူတို့ရဲ့ရေပေါ်လျှပ်ပြေးယာဉ်ကို အဆင့်မြှင့်တင်မှုတွေလုပ်သွားမှာပါ။

**Ref: IE**

**K.H**




## SCIENCE

### ကမ္ဘာ့ပထမဆုံးအဖြစ် အလှူရှင်ထံမှပြုပြင်ထားသည့်ကလာပ်စည်းကုထုံးဖြင့် ကိုယ်ခံအားမူမမှန်ရောဂါသည်များကိုကုသနိုင်



တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဆုံးအနေနဲ့ အလှူရှင်ထံမှပြုပြင်ထားတဲ့ ကလာပ်စည်းကုထုံးအသုံးပြုပြီး ကိုယ်ခံအားမူမမှန်သည့် ရောဂါဖြစ်ပွားနေသူသုံးဦးကို ကုသပေးလိုက်နိုင်ပါတယ်။ ရောဂါဖြစ်နေသူသုံးဦးထဲက တစ်ဦးဆိုရင် တွယ်ဆက်တစ်သျှူးအပေါ်သက်ရောက်မှုရှိစေပြီး အရေပြားတောင့်တင်းကာ ကိုယ်တွင်းအင်္ဂါပျက်စီးစေတဲ့ ရောဂါကို ခံစားနေရသူပါ။

အခုတော့ ပြုပြင်ထားတဲ့ ကိုယ်ခံအားကလာပ်စည်းတွေကိုထည့်သွင်းအသုံးပြုတဲ့ ကုထုံးကိုခံယူပြီးသုံးရက်အတွင်းမှာပဲ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်လာတယ်လို့ဆိုပါတယ်။

သိပ္ပံပညာရှင်များက အဲဒီလူနာကို လွန်ခဲ့တဲ့နှစ်ကတည်းက ကုသပေးခဲ့တာဖြစ်ပြီး အခုအချိန်အထိ ကျန်းမာရေးပြဿနာဆိုးဆိုးဝါးဝါးမတွေ့ရဘူးလို့ သူတို့ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ သူတို့က ကလာပ်စည်းကိုပြန်လည်ပြုပြင်ဖို့အတွက် CRISPR-Cas9 နည်းလမ်းကို သုံးခဲ့တယ်လို့သိရပါတယ်။

**Ref: IE**

**K.H**

---

### ကမ္ဘာ့ပထမဆုံး တီရာဟက်ကြိုးမဲ့ဆက်သွယ်ရေးနည်းပညာကို တရုတ်ရရှိ



တရုတ်နိုင်ငံမှ သုတေသနပညာရှင်များက ကမ္ဘာ့ပထမဆုံးအဖြစ် တီရာဟက် ပမာဏရှိကြိုးမဲ့ဆက်သွယ်ရေးနည်းပညာကိုရရှိသွားပါပြီ။ သူတို့က ၁ ဒသမ ၂ ကီလိုမီတာအကွာအဝေးကို ကြည်လင်ပြတ်သားမှုမြင့်မားတဲ့ ဗီဒီယိုလိုင်းနှုန်း ထုတ်လွှင့်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခြင်းအားဖြင့် ဒီနည်းပညာကိုရရှိသွားတာပါ။ အဲဒီနည်းပညာက 6G ဆက်သွယ်ရေးကွန်ရက်များအတွက် အလွန်အရေးပါတဲ့နည်းပညာဖြစ်ပါတယ်။

တီရာဟက်ပမာဏရှိကြိုးမဲ့ဆက်သွယ်ရေးနည်းပညာကို အောင်မြင်စွာဖန်တီးနိုင်ခြင်းကြောင့် အချက်အလက်ပေးပို့မှုအပိုင်းမှာဆိုရင် အချက်အလက်ပမာဏအများအပြားကို အလွန်လျင်မြန်တဲ့နှုန်းနဲ့ပေးပို့နိုင်တော့မှာဖြစ်ပါတယ်။

**Ref: IE**

**K.H**

---

### စက္ကူသုံးဆင်ဆာက ရုတ်တရက်နှလုံးတိုက်ခိုက်ခံရနိုင်ခြေရှိမှုကို ၁၅ မိနစ်အတွင်းသိရှိနိုင်



စက္ကူကို အခြေခံကုန်ကြမ်းအဖြစ် အသုံးပြုထားတဲ့ ဆင်ဆာအသစ်က ရုတ်တရက် နှလုံးတိုက်ခိုက်ခံရနိုင်ခြေရှိမှုကို ၁၅ မိနစ်အတွင်း ထောက်လှမ်းသိရှိနိုင်စေတယ်လို့ အမေရိကန်သုတေသနပညာရှင်များက ပြောထားပါတယ်။

ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုအခြေအနေက ကမ္ဘာပေါ်မှာလူသေဆုံးမှုအများအပြားကိုဖြစ်ပေါ်စေတဲ့ ရောဂါဖြစ်သလို ကြိုတင်သိရှိနိုင်စေဖို့အတွက် စမ်းသပ်မှုတွေကလည်း ငွေကုန်ကြေးကျနဲ့အချိန်ပေးရမှုများပြားပါတယ်။

ဒါကြောင့် သုတေသနပညာရှင်များက နက်ရှိုင်းစွာသင်ယူနိုင်တဲ့ အယ်လဂိုရီသမ်ကိုအသုံးပြုပြီး နှလုံးတိုက်ခိုက်ခံရနိုင်ခြေကိုသိရှိစေမယ့် အဓိကကျတဲ့ပရိုတင်းထွက်ရှိမှုကို ထောက်လှမ်းနိုင်တဲ့ ငွေကုန်ကြေးကျနည်းပါးသော အာရုံခံကိရိယာကိုတီထွင်လိုက်တာဖြစ်ပါတယ်။

**Ref: IE**

**K.H**

# ရုရှားနှင့်တရုတ်စစ်ရေယာဉ်များက ပစိဖိတ်သမုဒ္ဒရာအတွင်း ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ စစ်ရေယာဉ်များက ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုလုပ်ဆောင်ကြောင်း ရုရှားသတင်းဌာနများက အောက်တိုဘာလ ၈ ရက်တွင်ဖော်ပြထားသည်။

ထိုစစ်ရေးလေ့ကျင့်ခန်းကို အာရှ-ပစိဖိတ်ဒေသအတွင်း ပူးတွဲကင်းလှည့်မှုလုပ်ငန်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ပစိဖိတ်သမုဒ္ဒရာအနောက်မြောက်ပိုင်း၌ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နှစ်နိုင်ငံစလုံးမှ စစ်ရေယာဉ်များသည် စက်တင်ဘာလတွင်ဆောင်ရွက်ခဲ့သော Beibu/Interaction 2024 ပူးတွဲစစ်ရေးလေ့ကျင့်ခန်းပြီးနောက် ပူးတွဲကင်းလှည့်မှုလုပ်ငန်းကိုလုပ်ဆောင်နေခြင်းဖြစ်သည်ဟု ရုရှားပစိဖိတ်ရေယာဉ်စု၏ထုတ်ပြန်ချက်ကိုကိုးကား၍ Interfax သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ပူးတွဲကင်းလှည့်မှုလုပ်ငန်းများဆောင်ရွက်မှုအတွင်း အမျိုးမျိုးသောလေ့ကျင့်ရေးလုပ်ငန်းများနှင့် တိုက်ပွဲဝင်လေ့ကျင့်ရေးလုပ်ငန်းများအပြင် ရေငုပ်သင်္ဘောရန်မှကာကွယ်ရေးနှင့် ပင်လယ်ပြင်၌ကယ်ဆယ်ရေးလုပ်ငန်းများလည်းပါဝင်သည်။

ထိုကဲ့သို့ပူးတွဲကင်းလှည့်မှုနှင့်စစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်မှုတို့တွင် ရုရှား၏ပစိဖိတ်ရေယာဉ်စုမှ ရေငုပ်သင်္ဘောတိုက်ခိုက်ရေးဖျက်သင်္ဘောများ၊ တရုတ်ရေတပ်မှ ဖျက်သင်္ဘောများနှင့်ဖရီးဂိတ်စစ်ရေယာဉ်အပြင် ထောက်ပံ့ရေးသင်္ဘောတစ်စင်းတို့ပါဝင်သည်ဟု သတင်းဌာနကဖော်ပြထားသည်ကိုတွေ့ရသည်။

**Ref: TST**



# ထိုင်းအစိုးရက ရေဘေးဒုက္ခရောက်ရသည့် မိသားစုများအားလုံးကို ဘတ် ၉၀၀၀ စီထောက်ပံ့မည်

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းအစိုးရက မကြာသေးမီကဖြစ်ပွားခဲ့သည့် နိုင်ငံအတွင်းရေလွှမ်းမိုးမှုများ၌ ရေဘေးဒုက္ခရောက်ရသည့် မိသားစုများအားလုံးကို ဘတ် ၉၀၀၀ စီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာလ ၈ ရက်တွင် ထုတ်ပြန်သည်။

မူလက ရက်ပေါင်း ၃၀ အောက်၊ ၃၁ ရက်မှ ရက် ၆၀ အတွင်းနှင့် ရက် ၆၀ ထက်ကျော်လွန်၍ ရေလွှမ်းမိုးခံရသည့်နေအိမ်များကို ဘတ် ၅၀၀၀၊ ၇၀၀၀ နှင့် ၉၀၀၀ စီထောက်ပံ့ရန်စီစဉ်ထားခြင်းဖြစ်သည်။

သို့သော် ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုပြုချက်ဖြစ်သော ရေဘေးဒဏ်သင့်သူအိမ်ထောင်စု ၃၃၈၃၉၁ စုစလုံးကို ဘတ် ၉၀၀၀ စီထောက်ပံ့ပေးနိုင်ရေးတင်ပြချက်ကို အစိုးရအဖွဲ့ကသဘောတူလိုက်ခြင်းဖြစ်သည်။

ယခင်သတ်မှတ်ထားသောနှုန်းထားဖြင့် ထောက်ပံ့မှုများရထားသည့် အိမ်ထောင်စု ၆၃၆၃ စုသည်လည်း လက်ရှိသတ်မှတ်လိုက်သည့်နှုန်းထားအတိုင်း ပြန်လည်ရရှိမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်ဟုသိရသည်။ **Ref: NT**



# အစ္စရေးက လက်ဘနွန်အနောက်တောင်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများစတင်

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဘက်က လက်ဘနွန်နိုင်ငံအနောက်တောင်ပိုင်း၌ နယ်မြေချဲ့ထွင်သည့်အနေဖြင့် မြေပြင်စစ်ဆင်ရေးများကို စတင်လုပ်ဆောင်နေပြီဟု အောက်တိုဘာလ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

အစ္စရေးအနေဖြင့် လက်ဘနွန်ရှိ ဟစ်ဇဘိုလာအဖွဲ့အပေါ် ဖိအားများစွာပေးထားနိုင်နေစဉ် ယခုကဲ့သို့မြေပြင်မှကျူးကျော်တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်သည်။

အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ဟစ်ဇဘိုလာအဖွဲ့မှထိပ်ပိုင်းခေါင်းဆောင်များသေဆုံးထားသည့်အတွက် ထိုအဖွဲ့အနေဖြင့် ငွေကြေးအပါအဝင် ထောက်ပံ့ရေးအခက်အခဲများနှင့်ရင်ဆိုင်နေရသည်။

တစ်ချိန်တည်းမှာပင် အီရန်အစိုးရက အစ္စရေးအပေါ် ဒုံးမိုးရွာတိုက်ခိုက်မှုအပြီးသီတင်းပတ်တစ်ပတ်အကြာတွင် ၎င်းတို့၏နိုင်ငံအပေါ် လက်တုံ့ပြန်တိုက်ခိုက်လာပါက အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးစစ်မီးတောက်စေရမည်ဟု သတိပေးထားသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ကီက အောက်တိုဘာလ ၈ ရက်မှစ၍ ဒေသတွင်းနိုင်ငံများသို့သွားပြီး အစ္စရေးအရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်မည်ဖြစ်ကြောင်း သိရသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

# AI သင်ယူမှုနည်းပညာတီထွင်နိုင်သူ သိပ္ပံပညာရှင်နှစ်ဦး ရူပဗေဒနိုဘယ်ဆုရရှိ

AI သင်ယူမှုနည်းပညာကိုဖော်ထုတ်တီထွင်နိုင်သူ သိပ္ပံပညာရှင်နှစ်ဦးက ၂၀၂၄ ခုနှစ်အတွက် ရူပဗေဒနိုဘယ်ဆုကိုရရှိသွားကြောင်းသိရသည်။ ၎င်းတို့၏ရှာဖွေတီထွင်နိုင်မှုက AI သင်ယူမှုနည်းပညာ၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ယခုကဲ့သို့နိုဘယ်ဆုကိုရရှိခြင်းဖြစ်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့ဖြစ်သည့် တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာလ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

ရူပဗေဒနိုဘယ်ဆုရရှိသူနှစ်ဦးမှာ ပရင့်စတန်တက္ကသိုလ်မှ ဂျွန်ဂျေဟော့ဖီးနှင့် တိုရွန်တိုတက္ကသိုလ်မှ ဂျော်ဖရေးအီးဟင်တန်တို့ဖြစ်သည်။ ၎င်းတို့အနေဖြင့် AI သင်ယူမှုနည်းပညာအတွက် နည်းလမ်းများကိုဖော်ထုတ်ရန် ရူပဗေဒမှနည်းလမ်းများကိုအသုံးပြုခဲ့ခြင်းဖြစ်သည်။

ထိုသိပ္ပံပညာရှင်များ၏တီထွင်ဖန်တီးမှုကြောင့် ယနေ့အချိန်အခါတွင် AI နည်းပညာသည်နေ့စဉ်ဘဝများတွင်သာမက အရေးကြီးသောနယ်ပယ်များတွင်ပါ မရှိမဖြစ်အရေးပါသည့် အရာတစ်ခုဖြစ်လာပြီဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# တရုတ်အစိုးရက ဥရောပသမဂ္ဂမှတင်သွင်းသည့် ဘရန်ဒီများကို ကုန်သွယ်ခွန်တိုးမြှင့်

တရုတ်အစိုးရသည် ဥရောပသမဂ္ဂမှတင်သွင်းလာသည့် ဘရန်ဒီများအပေါ် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဥရောပသမဂ္ဂမှအခြေပြု၍ တင်သွင်းလာသည့်ဘရန်ဒီများအားလုံးကို ကုန်သွယ်ခွန်အဖြစ် ၃၀ ဒသမ ၆ ရာခိုင်နှုန်းမှ ၃၉ ရာခိုင်နှုန်းကြား တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။ အဆိုပါကုန်သွယ်ခွန်ကို ကြိုတင်စပေါ်ငွေသွင်းသည့်ပုံစံမျိုးဖြင့်ကောက်ခံသွားမည်ဖြစ်ကာ အောက်တိုဘာလ ၁၁ ရက်မှစ၍ ထိုစည်းမျဉ်းအသက်ဝင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ကုန်သွယ်ခွန်တိုးမြှင့်ခြင်းသည် ယာယီမျှသာဖြစ်သည်ဟုပြောထားသော်လည်း မည်သည့်အချိန်အထိသတ်မှတ်သွားမည်ကိုမူ ထုတ်ပြန်ချက်၌ဖော်ပြထားခြင်းမရှိသည်ကိုတွေ့ရသည်။

ဥရောပသမဂ္ဂက တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများတင်သွင်းမှုအပေါ် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံရန်ဆုံးဖြတ်ပြီးနောက် တရုတ်အစိုးရက ယခုကဲ့သို့လက်တုံ့ပြန်ခြင်းဖြစ်သည်။ **Ref: RT**

# အရက်သောက်ခြင်းကိုရှောင်ရှားသည့် ရုရှားနိုင်ငံသားအရေအတွက် တိုးတက်များပြားလာ

ရုရှားနိုင်ငံ၌ အရက်သောက်ခြင်းကိုရှောင်ရှားသည့် နိုင်ငံသားအရေအတွက်များပြားသည်ကိုတွေ့ရကြောင်း သုတေသနစစ်တမ်းတစ်ခုတွင်ဖော်ပြထားသည်။

အရက်မသောက်သူအရေအတွက်က ပြီးခဲ့သည့်အနှစ် ၂၀ ကထက် နှစ်ဆနီးပါးပိုမိုများပြားလာကြောင်း ရုရှားပြည်သူလူထုသဘောထားသုတေသနစင်တာက အောက်တိုဘာလ ၇ ရက်တွင်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ထိုစစ်တမ်းတွင် အရွယ်ရောက်ပြီးသူ ၁၆၀၀ ကျော်က ဖုန်းမှတစ်ဆင့်ပါဝင်ဖြေဆိုခဲ့ခြင်းဖြစ်သည်။ ထို့နောက် အရက်မသောက်သူအရေအတွက်သည် ၂၀၀၄ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်းသာရှိရာမှ ယခုအခါ ၄၈ ရာခိုင်နှုန်းအထိမြင့်တက်လာသည်ကိုတွေ့ရကြောင်း သုတေသနထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသို့ပြောင်းလဲလာကြခြင်းမှာ အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်မှုနှင့် ပြည်သူများအနေဖြင့် ဘဝနေထိုင်မှုပုံစံကိုပြောင်းလဲလာခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

**Ref: RT**

# အစ္စရေး၏တိုက်ခိုက်လာနိုင်မှုများကိုတုံ့ပြန်ရန် အီရန်တွင် အစီအစဉ် ၁၀ ခုရှိ

အစ္စရေးကလုပ်ဆောင်လာနိုင်သောတိုက်ခိုက်နိုင်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် အီရန်တွင်အနည်းဆုံးအစီအစဉ် ၁၀ ခုရှိကြောင်း IRGC တပ်ဖွဲ့ပိုင်သတင်းဌာနကဖော်ပြထားသည်။

အီရန်က အစ္စရေး၏စစ်စခန်းများကို ပြီးခဲ့သည့်သီတင်းပတ်တွင် ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ပြီးနောက် အစ္စရေးကအီရန်ကို လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဟု ကတိပြုပြီးနောက် အီရန်၏လက်နက်ကိုင်တပ်ဖွဲ့တစ်ခုဖြစ်သည့် IRGC က ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

အလားတူ အစ္စရေး၏အီရန်အပေါ် လုပ်ဆောင်လာနိုင်သောလက်တုံ့ပြန်တိုက်ခိုက်မှုတွင် အစ္စရေးဘက်မှပါဝင်ကူညီပေးသူမည်သည့်နိုင်ငံမဆိုသည် အီရန်ကိုရန်စခြင်းဖြစ်သောကြောင့် ထိုနိုင်ငံများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့်သာရင်ဆိုင်ရမည်ဖြစ်ကြောင်း IRGC က သတိပေးထားသည်။ **Ref: RT**

# လီဗာပူးအသင်းက ကွမ်ဆက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီးနောက် ကိုနာတေးနှင့်လည်းဆွေးနွေးနေ



လန်ဒန် အောက်တိုဘာ ၈

လီဗာပူးအသင်းက လူငယ်ခံစစ်ကစားသမား ကွမ်ဆက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီးနောက် နောက်ထပ် ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ကိုနာတေးကိုလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

လီဗာပူးအသင်းသည် လူငယ်ကစားသမား ကွမ်ဆက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မကြာမီထုတ်ပြန်မည်ဖြစ်သည်။

အလားတူ လီဗာပူးအသင်းသည် အသင်းမှ အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ကိုနာတေးကိုလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မကြာမီသဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိသည်။

အသက် ၂၅ နှစ်အရွယ် ကိုနာတေးသည် ၂၀၂၀ ခုနှစ်ကတည်းက လိုက်ပဇစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် ကိုနာတေးတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိနေပြီး လီဗာပူးအသင်းက လက်မလွှတ်လို၍ နောက်ထပ်သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းကွင်းလယ်ကစားသမားဟောင်း အင်နီယေစတာ တရားဝင်ကြေညာ

မက်ဒရစ် အောက်တိုဘာ ၈

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း အင်နီယေစတာက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၄၀ အရွယ် အင်နီယေစတာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၂ ခုနှစ်က ဘာစီလိုနာအသင်းနှင့်စတင်ပြီးနောက် အသင်းတွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ အသင်း၏ဂန္ထဝင်ကစားသမားအဖြစ်သတ်မှတ်ခံခဲ့ရသည်။ ထို့နောက် ၂၀၁၈ ခုနှစ်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ဂျပန်ကလပ်ဗစ်ဆဲကိုဘီအသင်းထံ ပြောင်းရွှေ့ကစားခဲ့သည်။ ဗစ်ဆဲကိုဘီအသင်းတွင် ၂၀၂၃ ခုနှစ်အထိကစားခဲ့ကာ ၂၀၂၃ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် ယူအေအီးကလပ် အမ်းမရိတ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် တစ်ရာသီသာ ကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

အင်နီယေစတာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ဘာစီလိုနာအသင်း၌ ပြိုင်ပွဲစုံ ၆၇၂ ပွဲ အထိပါဝင်ကစားခဲ့ကာ ၅၅ ဂိုး သွင်းယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ စပိန်လာလီဂါဖလား ကိုးကြိမ်၊ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ယူရိုဖလား နှစ်ကြိမ် အပါအဝင် ဆုဖလားစုစုပေါင်း ၃၈ ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည်။

အင်နီယေစတာသည် အမ်းမရိတ်အသင်းနှင့် လမ်းခွဲပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် အစောပိုင်းကတည်းက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သော်လည်း အောက်တိုဘာလ ၈ ရက်မှသာ ကစားသမားဘဝမှအနားယူကြောင်းကို အတည်ပြုကြေညာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။*Ref;Goal.com*

# ဂျူဗင်တပ်စ်အသင်းနှင့် ပေါ့ဂ်ဘာတို့ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်နီးစပ်နေပြီး မေဂျာလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ရန်ကြိုးပမ်းလျက်ရှိ



ရောမ အောက်တိုဘာ ၈

ဂျူဗင်တပ်စ်အသင်းနှင့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့ကြား စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် နီးစပ်လျက်ရှိပြီး မေဂျာလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းဟောင်း ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းသို့ စတင်ရောက်ရှိချိန်ကတည်းက ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရပြီး ပွဲစဉ်အနည်းငယ်သာကစားနိုင်ခဲ့သည်။

ပေါ့ဂ်ဘာသည် ဂျူဗင်တပ်စ်အသင်းတွင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် တစ်ရာသီလုံးနီးပါးအနားယူနေခဲ့ရပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခဲ့ရကာ တားမြစ်ဆေးသုံးစွဲသည့်အတွက် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် တစ်နှစ်ကျော်နီးပါးအနားယူနေခဲ့ရသည်။

ပေါ့ဂ်ဘာအနေဖြင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက် အယူခံတင်သွင်းမှုများပြုလုပ်ရာတွင် လေးနှစ်ပွဲပယ်ပြစ်ဒဏ်မှ ၁၈ လ ပွဲပယ်ပြစ်ဒဏ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် ပေါ့ဂ်ဘာအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်သည်။

ပေါ့ဂ်ဘာက ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်၍ လက်ရှိတွင် အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည့်အတွက် ဂျူဗင်တပ်စ်အသင်း၌ ဆက်လက်မကစားလိုသောကြောင့် စာချုပ်ဖျက်သိမ်းရန် ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်သည်။

ပေါ့ဂ်ဘာက ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးလျှင် ပေါ့ဂ်ဘာကိုယ်တိုင်က တခြားလိဂ်များထက် မေဂျာလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် လက်ရှိအချိန်ကတည်းက ချိတ်ဆက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

*Ref;The Athletic*

# ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားမည့် အာဂျင်တီးနားအသင်းထံ ဂါနာချို ပူးပေါင်းနိုင်မည်မဟုတ်

ဗျူနိုအေးရိစ် အောက်တိုဘာ ၈

အာဂျင်တီးနားအသင်းနှင့် မန်ယူအသင်းလူငယ်တောင်ပံကစားသမား ဂါနာချိုက အသေးစားဒူးဒဏ်ရာရရှိထားသည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အာဂျင်တီးနားအသင်းထံ သွားရောက်ပူးပေါင်းနိုင်မည်မဟုတ်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ဂါနာချိုသည် နောက်ပိုင်းနှစ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် မန်ယူအသင်းတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီက ဂါနာချိုကို လာမည့်နိုင်ငံတကာပွဲစဉ်များအတွက် အသင်းတွင် ရွေးချယ်မည်ဟု ပြောကြားခဲ့သော်လည်း ဂါနာချိုက အသေးစားဒူးဒဏ်ရာကြောင့် အသင်းနှင့်ပူးပေါင်းနိုင်တော့မည်မဟုတ်ဟု အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါနာချိုက" ပြီးခဲ့တဲ့နှစ်ပွဲမှာ ကျွန်တော်ပါဝင်ကစားခဲ့တယ်ဆိုပေမယ့် ကျွန်တော့်မှာ ဒူးဒဏ်ရာအနည်းငယ်ရှိနေပါတယ်။ အသေးစားဒူးဒဏ်ရာကြောင့် နိုင်ငံအသင်းအတွက် ကစားပေးနိုင်တော့မှာမဟုတ်တော့ပါဘူး။ မကြာမီ ကျွန်တော် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်




**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက် ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။

---

**ပျောက်ဆုံးကြောင်း**
နန်းသန်းသန်းလှိုင်(ဘ)ဦးမောင်လှိုင် ၃/လဘန(နိုင်)၁၈၃၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 290759)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နော်ဖြူဖြူဝေ(ဘ)စောတာနေသား ၁၄/ကကန(နိုင်)၁၂၆၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၃၇၇၈၁၈

**ပျောက်ဆုံးကြောင်း**
မျိုးသီရိအောင်(ဘ)ဦးမျိုးငြိမ်း ၉/ကပတ(နိုင်)၂၆၄၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 739077)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၈၅၂၁၅၁၈

**ပျောက်ဆုံးကြောင်း**
ချိုချိုအောင်(ဘ)ဦးဝင်းကြိုင် ၁၃/နမတ(နိုင်)၀၄၈၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၀၇၄၈၃၂

**ပျောက်ဆုံးကြောင်း**
နန်းစွန်းလီ(ဘ)ဦးမောင်ကျော် ၁၃/ကတလ(နိုင်)၀၀၈၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 584626)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၃၄၂၅၆၀

**ပျောက်ဆုံးကြောင်း**
ခိုင်ဇင်ဖြိုး(ဘ)ဦးသန်းဇော် ၈/ဆဖန(နိုင်)၀၉၅၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 755697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ပျောက်ဆုံးကြောင်း**
မင်းအောင်ထိုက်(ဘ)ဦးဝင်းထိန် ၁၂/ဒဂတ(နိုင်)၀၇၂၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၆၉၅၁၅၇

**ပျောက်ဆုံးကြောင်း**
စိုင်းနိုင်ဝင်းအောင်(ဘ)ဦးအောင်သန်း ၉/သပက(နိုင်)၀၀၀၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
အောင်အောင်ထွန်း(ဘ)ဦးမြင့်စိုး ၁၄/ဒဒရ(နိုင်)၂၀၅၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 356054)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

**ပျောက်ဆုံးကြောင်း**
ဦးသန်းစိန်(ဘ)ဦးအေးကို ၁၂/ဗဟန(နိုင်)၀၅၃၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မသင်းမဋ္ဌူ(ဘ)ဦးဖေဌေး ၁၂/ဒလန(နိုင်)၀၄၀၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဟန်ထွန်းခိုင်(ဘ)ဦးသိန်းလွင် ၁၂/ဥကမ(နိုင်)၁၄၇၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စောဒီဝင်း(ဘ)ဦးရွှေဒုံး ၆/တသရ(နိုင်)၀၄၁၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 355465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မိုင်ခင်မာဦး(ဘ)ဦးထွန်းမြင့် ၈/အလန(နိုင်)၂၀၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 596051)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဖြူဖြူအောင်(ဘ)ဦးမောင်ကျော်၇/ပမန(နိုင်)၁၉၆၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 886213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်အေး(ဘ)ဦးလှမြင့် ၁၄/ညတန(နိုင်)၀၉၅၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရဲမင်းအောင်(ဘ)ဦးမောင်လှအောင် ၁၁/မပန(နိုင်)၁၅၁၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးသန္တာ(ဘ)ဦးအေးဆွေ ၇/ရတန(နိုင်)၁၀၁၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးအေးငြိမ်း(ဘ)ဦးကျော်ကျော် ၈/စလန(နိုင်)၂၆၂၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နော်အေးအေးမြိုင် (ဘ)ဦးစောမိုက်ကယ် ၇/တငန(နိုင်)၀၉၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 355176)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၅၉၆၇၁၉

**ပျောက်ဆုံးကြောင်း**
ဟေမာနွယ်(ဘ)ဦးစိန်သင်း ၇/ရတရ(နိုင်)၁၉၇၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**မွေးသက္ကရာဇ်အမှန်**
ပဲခူးမြို့၊အ.ထ.က(မြို့အနောက်(ခ)ကျောင်း)၊ G-12 မှ (ဘ)ဦးသန်းဇော်မြင့်၏သား မောင်ဇေယျာလင်းထက်၏မွေးသက္ကရာဇ် အမှန်မှာ ၈-၅-၂၀၀၅ ဖြစ်ပါကြောင်း။ ၈-၅-၂၀၀၅

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးမောင်(ဘ)ဦးအိုက်ညွန့် ၁၃/ကမန(နိုင်)၁၃၈၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းချစ်ဝေ(ဘ)ဦးကျော်ဝင်း ၉/မခန(နိုင်)၂၆၂၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ပြည့်စုံ(ဘ)ဦးဝင်းဦး ၁/ဗမန(နိုင်)၀၉၇၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဇင်ကိုဦး(ဘ)ဦးမင်းဇော်ဦး ၇/ဖမန(နိုင်)၂၄၃၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 867665)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၂၀၂၁၃၃

**ပျောက်ဆုံးကြောင်း**
အာကာဦး(ဘ)ဦးဇော်လတ်၅/ကလထ(နိုင်)၁၈၁၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 738224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၈၃၇၇၈၀

**ပျောက်ဆုံးကြောင်း**
ဇော်ထွန်းအောင်(ဘ)ဦးအောင်ကြည် ၁၂/ကမတ(နိုင်)၀၀၄၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၅၂၈၃၂၅

**ပျောက်ဆုံးကြောင်း**
ထွန်းမော်(ဘ)ဦးသိန်းတန် ၁၂/လမတ(နိုင်)၀၀၄၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 019019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၂၃၄၀၅

**ပျောက်ဆုံးကြောင်း**
လှလှဝင်း(ဘ)ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၁၉၅၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၆၆၅၂၆

**ပျောက်ဆုံးကြောင်း**
နူသမ်(ဘ)ဦးဘဟိုး ၄/မတပ(နိုင်)၀၄၉၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 114658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၃၃၉၄၂

**ပျောက်ဆုံးကြောင်း**
လှိုင်ဝင်း(ဘ)ဦးသောင်းစိန်(ခ)ဟုတ်စိန် ၁၂/တမန(နိုင်)၀၅၃၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၂၃၃၀၁၃

**ပျောက်ဆုံးကြောင်း**
မွန်မြတ်ထွန်း(ဘ)ဦးမော်ဇူအူလာ ၁၂/မဂတ(နိုင်)၁၁၉၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 988504)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၉၉၁၀၂၃

**ပျောက်ဆုံးကြောင်း**
ဟန်ယုဝေ(ဘ)ဦးမြင့်စိုး ၁၂/ကမတ(နိုင်)၀၆၀၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 350129)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၅၁၃၃

**ပျောက်ဆုံးကြောင်း**
စိုးပိုင်(ဘ)ဦးဝင်းရွှေ ၇/တငန(နိုင်)၂၃၂၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 789285)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၁၃၈၀၃၀

**ပျောက်ဆုံးကြောင်း**
စိုးမြင့်ထွန်း(ဘ)ဦးရွှေသိန်း ၅/မရန(နိုင်)၁၇၆၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံး ကြောင်း**
စိုင်းလှဦး(ဘ)ဦးကျော်ဆွေ ၁၃/လရန(နိုင်)၂၄၀၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံး ကြောင်း**
ခန့်မင်းသုန်(ဘ)ဦးဝေလွင်ဦး ၁၂/ကတန(နိုင်)၁၄၉၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
Myanmar MOBILE MONEY
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
Gift Card ပေးခြင်း
ဈေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း
Customs Duty
MMM Service
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ၊
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၆ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ လောက်တန်(ခ) လောက်စန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရပ်စောက်မြို့ ဗထူးရပ်ကွက် ကျောက်ဂူ-ရပ်စောက်သွား ကားလမ်းတွင် နိုင်ကိုထက်မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ ကိုလည်းကောင်း၊ အလားတူ နံနက် ၅ နာရီတွင် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု မယ်နင်ကျေးရွာ အနီးတွင် ခါးကျင်မောင်းနှင်ပြီး ရှာမွေ လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)



နိုင်ကိုထက်အား သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြား စုစုပေါင်း ၄၈ ဒသမ ၆၀၀၀ တန် ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်အထိ နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၀ ဒသမ ၁၉၂၈ တန်၊ သစ်မာ ၁၁ ဒသမ ၈၈၄၈ တန်၊ အခြား ၆ ဒသမ ၅၂၂၄ တန် စုစုပေါင်း ၄၈ ဒသမ ၆၀၀၀ တန်၊ ယာဉ်/ ယန္တရား ခုနစ်စီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန် လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးအား ပစ်ခတ်ဖမ်းဆီး



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန်လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးထံမှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများကိုတွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ညောင်ဦး-ပုဂံသွားကားလမ်းပေါ်၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် လက်လုပ်မိုင်းများ သယ်ဆောင်လာသည့် အကြမ်းဖက်သမားတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုမရှိစေရေးနှင့် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့နံနက် ၆ နာရီခန့်တွင် ပုဂံမြို့တွင်းသို့ ညောင်ဦးမြို့ဘက်မှ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား လိုအပ်သည်များစစ်ဆေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်တိမ်းမှောက် ရပ်တန့်သွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဆိုင်ကယ်အား သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခွကြားတွင် ညှပ်၍ သယ်ဆောင်လာသည့် ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၂ လုံး သိမ်းဆည်းရမိကာ ဆိုင်ကယ်မောင်းနှင်သူ အကြမ်းဖက်သမားသည် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်လုပ်ရပ်များ မကျူးလွန်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ချင်းတွင်းမြစ် ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့်လူငယ် ၁ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အမှတ် ၈ သုခဝတီရပ်ကွက်၊ ချင်းတွင်းမြစ်ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ် ၁ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။





အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း၊ ထို့ပြင် ၎င်းတို့၏လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များအားဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့်ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၇၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ရေကျော်စီးဆင်းမှုအခြေအနေမှာ ယခင်နေ့အတိုင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့် ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်းသိရသည်။**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၈.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၇၄၄၀ | ၆၂၇.၁၆ | ၅၆၅၅၅၂ | ၁၃၁၉၉ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၇ | ၁၆၁၉၄ | ၀.၅၀ | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၆၅ | ၂၆၉၄၁ | ၃၀၇ | ၉.၃၅ | ၉၅၅၉ | - | - | - | ၆၂၆.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၁၅ | ၈၉၄၅၀ | ၂၇၂ | ၀.၈၅ | ၂၃၂၀ | - | - | - | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၇၅ | ၁၀၅၈၂ | ၇ | ၂.၂၅ | ၁၆၇၅ | - | - | - | ၅၀၉.၈၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၅၀ | ၇၁၅၀၀ | ၃၁၅ | ၀.၅၀ | ၁၅၀၀ | - | - | ၂.၆၅ | ၄၃၈.၂၀ |
| ၆ | လိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၃၈ | ၇၈၀၃ | ၈ | ၁.၆၂ | ၉၁၅ | - | - | - | ၄၁၆.၄၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၁၁၈ | ၇၀၃.၃၀ | ၁၀၆၃၂၇ | - | ၆.၇၀ | ၃၆၇၆၃ | - | - | ၀.၆၁ | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၁.၇၀ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၀ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၄၅ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၁ | ၅.၇၀ | ၄၀၁၁ | - | - | ၂.၂၀ | ၈၆၄.၀၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၉၉၆၀၁၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံ စက်မှုဇုန်အနီး၌ လှိုင်းဘွဲ့မြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၃၄၀၀၀)၊ Mitsubishi Canter Truck (၃)စီး၊ Mazada Titan Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၁၃၄၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် **အောက်တိုဘာလ ၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၉၉၈)တန်၊ သစ်မာ (သုည ဒသမ ၅၉၈) တန်၊ အခြားသစ် (သုည ဒသမ ၇၁၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၂၅၆၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၄၂၅၆၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာလ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၀၇၂၅၈၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ၈ ရက်မြောက်နေ့ မြို့နယ်များအလိုက်ကောက်ယူနေမှု



## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ရပ်ကွက် / ကျေးရွာများ၌ ကွင်းဆင်း ကောက်ယူလျက်ရှိရာ မွန်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မြို့မ (၄) ရပ်ကွက်၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် အိမ်ထောင်စု အသီးသီးတို့၏ လူဦးရေဆိုင်ရာအချက်အလက်များ၊ အိမ်အကြောင်းအရာများ စနစ်တကျမေးမြန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးကူညီပေးသည်။

မုဒုံမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာ ၄၂ ရွာမှ ကောက်ကွက်ပေါင်း ၂၆၆ ကွက်၌ စာရင်းစစ် ၂၂ ဦး၊ စာရင်းကောက် ၈၂ ဦးတို့က အဖွဲ့များခွဲကာ ကောက်ယူခဲ့ရာ အောက်တိုဘာလ ၆ ရက်အထိ ကောက်ကွက်ပေါင်း ၁၂၄ ကွက်ကို ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်နှင့် တာဝန်ရှိသူများက ထားဝယ်မြို့နယ်ရှိ ရပ်ကွက်အလိုက်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို တစ်အိမ်တက်ဆင်း ကောက်ယူနေမှုအား လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးဆောင်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် စာရင်းစစ်/စာရင်းကောက်များက သန်းခေါင်စာရင်းတွင် အသုံးပြုသည့်မေးခွန်း ၆၈ ခု၊ အိမ်ထောင်စုမေးခွန်းနှင့် မေးခွန်း ၁၈ ခုပါဝင်သည့်အဖွဲ့အစည်းမေးခွန်းများအား ကောက်ယူရာ ဒေသခံပြည်သူများက ဖြေကြားကြသည်။

ထားဝယ်မြို့နယ်အတွင်း၌ ရပ်ကွက် ၁၅ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတစ်စု၊ ကောက်ကွက်ပေါင်း ၁၂၄ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၉၄ ဦးတို့က အဖွဲ့များခွဲ၍ ရပ်ကွက်အလိုက်ပြည်သူများအား ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



## မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကောက်ယူရာတွင် မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ စာရင်းစစ်၊ စာရင်းကောက် ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့တို့၏ ရပ်ကွက်/ကျေးရွာအလိုက် အဖွဲ့များခွဲပြီး မေးခွန်းများ မေးမြန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြဝတီမြို့နယ်၌ အောက်တိုဘာလ ၇ ရက်အထိ ကောက်ယူပြီးစီးသည့် စာရင်းကောက်ကွက်ပေါင်း ၇၂ ခု၊ အိမ်ထောင်စု ၁၅၈၇၂ စုမှ လူဦးရေ ၆၁၀၉၁ ဦးတို့အား စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

## ဟိုပုံး

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို အောက်တိုဘာလ ၈ ရက်တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ ဆက်လက်ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ဟိုပုံးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ကွက် ၂၁၆ ကွက်၊ ဆီဆိုင်မြို့နယ်၌ ကောက်ကွက် ၁၅၉ ကွက်နှင့် ပင်လောင်းမြို့နယ်၌ ကောက်ကွက် ၄၁၂ ကွက်တို့တွင် စာရင်းစစ်၊ စာရင်းကောက်နှင့် စေတနာ့ဝန်ထမ်းများက လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများတိကျမှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်အတွင်းရှိအိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများကို တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိသည်။ အဆိုပါမြို့နယ်သုံးခုတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၁ ရက်မှ စတင်ကောက်ယူလျက်ရှိရာ အောက်တိုဘာလ ၇ ရက်အထိ အိမ်ထောင်စု ၃၆၈၀၁ စု၊ လူဦးရေ ၁၄၆၉၄၅ ဦးကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ပအိုဝ်း(ပြန်/ဆက်)**

## ကန်ကြီးထောင့်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား မြို့နယ်စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက အောက်တိုဘာလ ၈ ရက်နံနက်ပိုင်းတွင်ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကောက်ယူရာတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အမှတ် (၆) ရပ်ကွက် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ အိမ်ထောင်စုများထံသို့ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျကောက်ယူနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကျော်ဇင်စိုး
ကန်ကြီးထောင့်(ပြန်/ဆက်)**

## ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောက်တိုဘာလ ၁ ရက်ကစတင်ပြီးစာရင်းစစ်၊ စာရင်းကောက် ၂၇ ဦး၊ စာရင်းကောက်ခြောက်ဖွဲ့၊ ရပ်ကွက်ကြီး လေးရပ်ကွက်၊ ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာ ၂၅ ရွာ၊ ကောက်ကွက် ၅၈ ခုကို CAPI စနစ်အသုံးပြုပြီး ကောက်ယူခဲ့ရာ အောက်တိုဘာလ ၇ ရက်အထိ အိမ်ထောင်စု ၃၅၂၈ စု၊ အမျိုးသား ၅၇၄၄ ဦး၊ အမျိုးသမီး ၇၅၅၂ ဦး စုစုပေါင်း ၁၃၂၉၆ ဦး ၆၀ ဒသမ ၃၄ ရာခိုင်နှုန်းကောက်ယူပြီးဖြစ်သည်။ ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများ သို့လည်း ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ပင်းတယ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်၌ အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် သီရိမင်္ဂလာရပ်ကွက်၊ ပွေးလှ၊ ထွက်နီ၊ ပန်းစစ်၊ ကျုံး၊ ကျောက်စု၊ ကူးကော်၊ ရှားပြား၊ အင်းငယ်၊ မိုင်းလီ၊ တောင်ရှည်နှင့်နန်းကုန်းကျေးရွာအုပ်စုတို့တွင် တစ်အိမ်တက်ဆင်းစနစ်ဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းကိုဆက်လက်ကောက်ယူလျက်ရှိကြောင်းသိရသည်။

ပင်းတယမြို့နယ်တွင်ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုတို့တွင် သန်းခေါင်စာရင်းကောက်ကွက် ၁၆၈ ကွက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ပေါင်း ၁၂ ဖွဲ့၊ ဆရာ၊ ဆရာမ ၆၃ ဦးနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများပူးပေါင်းကာစာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူနေမှုအား တာဝန်ရှိသူများက အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့် အဖွဲ့များက မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ ကောက်ကွက် အသီးသီးတွင် စာရင်းစစ်၊ စာရင်းကောက် ၁၇၅ ဦးတို့က မြို့နယ်အတွင်းရှိ ကောက်ကွက် ၄၆၄ ကွက်အတွင်း စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၃၃ ဖွဲ့ခွဲ၍ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ဆက်လက်ကောက်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**လှိုင်မင်းအောင်**

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့် ဈေးကွက်ရှိပြီးဖြစ် . . .

❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ် . . .

❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ရန်ကုန်မြို့ရှိ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန်ဆောင်ရွက်နေမှုနှင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့သွားရောက်၍ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် **စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



